# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၅၅)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၃-၁-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ်သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြားပို့ချ

## ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ပိုင်နိုင်စွာထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့်မွေးထုတ်

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက တပ်သမိုင်းအကျဉ်း၊ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ သို့ ☆

### အများအားဖြင့် သာယာမည်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

**၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီ ၂၃ ရက်၊ ကြာသပတေးနေ့။**

## စဉ်ဆက်ပညာရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

စဉ်ဆက်ပညာရေးလုပ်ငန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းနှင့် မသင်ကြားခဲ့ရသူများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ကျောင်း ပြင်ပသို့ ရောက်ရှိနေကြသည့် ကျောင်းနေအရွယ်လွန် ကလေးများအား အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ကျောင်းပြင်ပ ပညာရေးနည်းလမ်းဖြင့် ဒုတိယအကြိမ် သင်ယူမှုအခွင့်အလမ်းရရှိစေရေး ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ စဉ်ဆက်ပညာရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

စဉ်ဆက်ပညာရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက စာတတ်မြောက်ရေး ဝိုင်းကူပေးသီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကြသည်။

စဉ်ဆက်ပညာရေးကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) သတ်မှတ်မြို့နယ်များတွင် ရှေ့ပြေးအဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး နေပြည်တော်ကောင်စီနယ်မြေတွင် ယခုလို ဂုဏ်ပြုပွဲ ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ဧပြီလနှင့် မေလ အတွင်းက အမျိုးသားရေးလှုပ်ရှားမှုအသွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ငါးခု၊ ဇရိယာ ခြောက်ခုတို့တွင် နောက်ဆက်တွဲ လုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းအောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရှစ်မြို့နယ် စဉ်ဆက်ပညာရေး လုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ခဲ့သည့် နေပြည်တော်ကောင်စီနှင့် စေတနာလုပ်အားပေးဆောင်ရွက်ခဲ့ကြသည့် နည်းပြနှင့် ကြီးကြပ်ကိုယ်စားလှယ် နှစ်ဦးတို့အား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် စဉ်ဆက်ပညာရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပညာရေးဆိုင်ရာများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ စဉ်ဆက်ပညာရေးလုပ်ငန်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး စသည့် တန်းညှိပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နှစ်အလိုက် တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေးသား လိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၂**

ပွင့်လင်းရာသီကို ရောက်ရှိလာပြီဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုအကြိမ်အရေနှင့် ဆုံးရှုံးမှုတန်ဖိုး လျော့နည်းကျဆင်းစေရန်အတွက် တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာမြို့နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး မီးဘေးလုံခြုံရေး၊ ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် စစ်ဆေးခြင်း၊ သတိပေးခြင်း၊ သရုပ်ပြခြင်း၊ ဆက်တိုက်လေ့ကျင့်ခြင်းများကို လုပ်ဆောင်ပေးနေကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးထံက သိရသည်။

မီးလောင်မှုလျော့ချစေရေးနှင့် ကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များဖြစ်သည့် စစ်ဆေးခြင်း၊ ပညာပေးခြင်းများ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းများကို တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ လိုက်ပါပြီး မီးသုံးစွဲသည့် အိမ်ထောင်စုများမှာ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရှေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား ဆောင်ရွက်ထားရှိခြင်း ရှိ၊ မရှိ၊ မီးသတ်ဆေးဘူးများ အလွယ်တကူအသုံးပြုနိုင်ရန် တပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ ပတ်ဝန်းကျင် မီးဘေးအန္တရာယ်စိုးရိမ်မှု ရှိ၊ မရှိ၊ ချက်ပြုတ်သည့်နေရာ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့် နေရာများကို စစ်ဆေးပြီး လက်ကမ်းစာစောင်ဖြန့်ဝေပြီး အသိပညာပေးမှုများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ရေနံချောင်း ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက နဝဒေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို Grade-10 ကျောင်းသား၊ ကျောင်းသူများက စုံညီပွဲတော် တို့နွဲပျော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဦးအေးဝင်းက အမှာစကားပြောကြားကာ အ·ထ·က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အ·ထ·က(၁) ကျောင်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဗဟိုအဆင့် လူရည်ချွန်ဆုရရှိခဲ့သည့် ကျောင်းသား မောင်လျှမ်းထက်အောင်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဘက်စုံထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက တေးသီချင်း၊ တေးသရုပ်ဖော် အကများဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**(၄၇၂)**

## ရတနာပုံတက္ကသိုလ်၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၅) ပို့ချ

**မန္တလေး ဇန်နဝါရီ ၂၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရတနာပုံ တက္ကသိုလ် ကြက်ခြေနီအသင်းခွဲတို့ ရှေးဦးပြုစုခြင်းအခြေခံ သင်တန်း(၁/ ၂၀၂၅)ကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ အဆောင်(၃၁)၌ သင်ကြားပို့ချသည်။

ဦးစွာ ရတနာပုံတက္ကသိုလ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါက်တာဒေါ်သန်းအေး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မြတ်မာတို့က ကြိုဆိုဂုဏ်ပြုစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်က ကြက်ခြေနီအခြေခံမူ (၇)ချက်၊ ကြက်ခြေနီက ဆောင်ရွက်နေသည့် လုပ်ငန်းများကို မိတ်ဆက်ရှင်းလင်းသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် သင်တန်းနည်းပြ ဆရာ၊ ဆရာမများက သင်တန်းအကြောင်းအရာများကို ဆက်လက်ပို့ချသည်။

အဆိုပါ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းတွင် ကြက်ခြေနီလှုပ်ရှားမှုအကြောင်း၊ ရှေးဦးပြုစုခြင်းအခြေခံသဘောတရား၊ လူနာဆန်းစစ်ခြင်း၊ အပူလောင်ခြင်း၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများ တုပ်ခြင်း၊ ကိုက်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ သတိလစ်ခြင်း၊ ဆို့နစ်ခြင်း၊ ပတ္တီးစည်းခြင်း၊ RICE စည်းနည်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အခြေခံအသက်ကယ်အထောက်အကူပြုနည်း၊ စိတ်ချရသော ဘေးစောင်းအနေအထား၊ ပြန်လည်သုံးသပ်ခြင်း နှင့် Exam Thiory & Exam and Practical တို့ကို စာတွေ့လက်တွေ့ သင်တန်းပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၂ရက် မှ ၂၄ရက် အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် ဘာသာရပ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၂၀၁ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၈၂)**



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၈လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ ရုပ်သံပြတိုက်တည်ဆောက်ရန်မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးစဉ်။

✰ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သင်တန်းသားများကို သင်ကြားလေ့ကျင့်ပေးရာ၌ စာပေပိုင်းဆိုင်ရာများကို အမှန်တကယ် သိရှိနားလည်မှုရှိအောင် သင်ကြားပေးရမည်ဖြစ်သကဲ့သို့ လက်တွေ့လေ့ကျင့်မှုများကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရေး လေ့ကျင့်ပေးရမည် ဖြစ်ကြောင်း၊ ကြံခိုင်ရေးလေ့ကျင့်မှုများ ဆောင်ရွက်ရာတွင် အသက်အရွယ် အဆင့်အလိုက် သတ်မှတ်ထားသည့် စံချိန်စံနှုန်းများအတိုင်း ပြည့်မီအောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်လာသည့် စစ်နည်းဗျူဟာများ၊ စစ်လက်နက်ပစ္စည်းများ၊ စစ်အတတ်ပညာများကို စဉ်ဆက်မပြတ် သုတေသနပြုလေ့လာ၍ သင်ခန်းစာများ တိုးချဲ့သင်ကြား ပို့ချပေးသွားရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝပြီး လက်တွေ့နယ်ပယ်တွင် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရေး သင်တန်းသားများကို စနစ်တကျလေ့ကျင့် မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းရှိ ပြခန်းများနှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဌာန၌ သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ယနေ့ခေတ်တွင် စစ်လက်နက်နည်းပညာများ၊ စစ်နည်းဗျူဟာများသည် အဆက်မပြတ် တိုးတက်လျက်ရှိကြောင်း၊ "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသည့်မူဝါဒအတိုင်း စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ် လေ့လာနေရမည်၊ သင်ယူထားရှိပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် အတတ်ပညာများကို ပိုမိုကျွမ်းကျင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့် နည်းပညာကို အသုံးပြု၍ အင်တာနက်စာမျက်နှာများနှင့် စာအုပ်စာပေများမှ မိမိတို့ဘဝ တိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များနှင့် ဗဟုသုတများကို ရှာဖွေလေ့လာ ဆောင်ရွက်မည်ဆိုပါက တစ်ဦးချင်း၏ စွမ်းရည်များသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားခြင်းသည် လုပ်ငန်းတစ်ခု ကျွမ်းကျင်ရေးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့ဖတ်ရှုလေ့လာမှတ်သားထားမှုများနှင့် အတွေ့အကြုံများကို အပြန်အလှန် ဆက်စပ်နိုင်းယှဉ်၍ သင်ခန်းစာ ဖော်ထုတ်သွားရန်လိုကြောင်း။

အုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အုပ်ချုပ်သူများအနေဖြင့် မိမိတို့ကွပ်ကဲနေရသူများကို စနစ်တကျကွပ်ကဲကြပ်မတ်နေရန် လိုသကဲ့သို့ ၎င်းတို့၏ သက်သာချောင်ချိရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ စာမျက်နှာ ၄ သို့ ✰



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၃ မှ

ဖြည့်ဆည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည် ဖြစ်ပြီး လက်အောက်၏ လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများ ကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည် ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်ပြီး အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူ တတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် ပညာရေးသင်တန်းကျောင်းများ ဖွင့်လှစ်၍ မြှင့်တင်ပေးလျက် ရှိကြောင်း၊ ထို့ပြင် တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာ အောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သက်သာ ချောင်ချိရေးနှင့် ပတ်သက်၍ တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသည့် သက်သာချောင်ချိမှု ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်းအလိုက် မလိုလားအပ်သည့် အသောက်အစား အပျော်အပါးများကို လျှော့ချခြင်းဖြင့်လည်း ငွေကြေးကုန်ကျမှုများကို ထိန်းသိမ်းနိုင်မည်ဖြစ်ကာ သက်သာချောင်ချိမှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဝင်ငွေနှင့် ထွက်ငွေမျှတမှုရှိစေရေး အသုံးနှင့်အဖြုန်းကို ခွဲခြားသိရှိကြစေလိုကြောင်း၊ သက်သာချောင်ချိရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးထားပြီး တပ်ပိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံခန့်ခွဲသည့် ခေါင်းဆောင်အသီးသီးမှ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လက်အောက်မှလည်း စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုကြောင်း။

**ဂုဏ်ယူတန်ဖိုးထားကြရန်လို**

တပ်မတော်သား များသည် မည်သူ တစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မျှ မပါရှိဘဲ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် တပ်မတော်အတွင်းသို့ ဝင်ရောက်အမှုထမ်းခဲ့ကြခြင်း ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်သားများသည် နိုင်ငံနှင့် ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်း များစွာဖြင့် ပေးအပ်လာသည့် တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် ရှေ့တန်းစစ်မြေပြင်တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ ထမ်းဆောင်လျက်ရှိသကဲ့သို့ မိသားစုများ အနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာ တပ်များအလိုက် လိုက်လံနေထိုင်၍ ပါရမီဖြည့်လျက်ရှိကြကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေသည် ၅၂ သန်းခန့်ရှိပြီး အမျိုးသား ၄၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၅၃ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းအနက် လူဦးရေအနည်းငယ်သာ တပ်မတော်သားဘဝကိုခံယူ၍ မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နိုင်ကြခြင်းဖြစ်သဖြင့် အများသူငါ လုပ်ဆောင်နိုင်ရန် ခက်ခဲသည့် တပ်မတော်သားဘဝကို ဂုဏ်ယူတန်ဖိုးထားကြရန် လိုကြောင်း၊ နိုင်ငံနှင့် ပြည်သူတို့အတွက် မြင့်မြတ်လှသည့် တာဝန်များကို ထမ်းဆောင်နေရသည့် မိမိတို့ တပ်မတော်သားများ၏ ဘဝကို ဂုဏ်ယူတတ်ရန်နှင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရန်လိုကြောင်း။

စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင် ဖြစ်ကြောင်း၊ တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်း တစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကိုကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မကြာမီတွင် စာမေးပွဲဖြေဆိုသည့် ကာလသို့ ရောက်ရှိတော့မည် ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာ ဖြင့်ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ နွေရာသီ ကျောင်းပိတ်ရက်များတွင်လည်း လူငယ်နှင့်ပတ်သက်သည့် သင်တန်းများ၊ အမျိုးသားရေးစရိုက်လက္ခဏာကို တိုးမြင့်လာစေပြီး အသိပညာဗဟုသုတများ တိုးပွားလာစေနိုင်မည့် သင်တန်းများ၊ လှုပ်ရှားမှုများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)၌ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) သို့ရောက်ရှိကြပြီး အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမတွင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို)တပ်မှူးက တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ နေ့စဉ် ပြည်တွင်း၊ ပြည်ပသတင်းများအပါအဝင် အခြားသော ဗဟုသုတဖြစ်ဖွယ်၊ စိတ်ဝင်စားဖွယ်အစီအစဉ်များစွာကို ထုတ်လွှင့်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ ထုတ်လွှင့်နေမှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့ရုပ်သံထုတ်လွှင့်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သင်ခန်းစာဖော်ထုတ်ပြီး

စာမျက်နှာ ၅ သို့ ☆

❖ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်

❖ တပ်မတော်တွင် ထုတ်ပြန်ထားသည့်စည်းကမ်းများကို လိုက်နာ၍ စစ်သားကောင်းတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံမည်ဆိုပါက မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ပတ်ဝန်းကျင်တွင် စိတ်လက်ပျော်ရွှင်စွာဖြင့် တာဝန်များကို ကျေပွန်စွာဖြင့် ထမ်းဆောင်နိုင်မည်

❖ မကြာမီတွင် စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲကို စိတ်အေးချမ်းသာစွာဖြင့် ဖြေဆိုနိုင်ရေး လိုအပ်သည်များ ဆောင်ရွက်ပေးသွားရန်လို

✰ စာမျက်နှာ ၄ မှ

မိမိတို့ ရုပ်သံထုတ်လွှင့်မှုများ တိုးတက်စေရေးဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Professional ဖြစ်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထုတ်လွှင့်သည့် အစီအစဉ်များသည် လူအများ စိတ်ဝင်စားသည့် အစီအစဉ်များ ဖြစ်ရန်လိုကြောင်း၊ လူကြီး၊ လူငယ်များ အသက်အရွယ်အလိုက် ကြိုက်နှစ်သက်သည့် အစီအစဉ်များ၊ တေးသီချင်းများ ထုတ်လွှင့်နိုင်ရန်လိုကြောင်း။

ရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများသည် လူထုဆက်ဆံရေးလုပ်ငန်းတစ်ခုပင် ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ ရည်ရွယ်ချက်မှာ **"ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်နှင့် စည်းရုံးရန်"** ဖြစ်ကြောင်း၊ နည်းမှန်လမ်းမှန် ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်မှုသည် စည်းရုံးရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အကျိုးရှိအောင် ဆောင်ရွက်ရန်နှင့် အကျိုးပြုသည့်လုပ်ငန်းတစ်ရပ် ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ မသိရှိသေးသည့် အကြောင်းအရာနှင့် အသိပညာဗဟုသုတများကို ထုတ်လွှင့်ပေးခြင်းသည် ပညာပေးခြင်းပင်ဖြစ်ကြောင်း၊ အလားတူ ကျန်းမာရေး အသိပညာပေးခြင်းသည်လည်း အရေးကြီးသဖြင့် ကျန်းမာရေး အသိပညာပေး အစီအစဉ်များကို အလေးထား ထုတ်လွှင့်ပေးရန်လိုပြီး အရွယ်သုံးပါးစလုံး သာမန်အားဖြင့် နားလည်နိုင်သည့် အစီအစဉ်များ ဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို အဓိကဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ပညာပေးအစီအစဉ်များကိုလည်း လူအများနားလည်အောင် ရိုက်ကူးထုတ်လွှင့်ပေးရန်လိုကြောင်း၊ ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ရန်အတွက် အသေးစိတ်မှအစ တစ်ခုချင်းစီအား စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ရုပ်သံထုတ်လွှင့်မှု လုပ်ငန်းများ တိုးတက်စေရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(တောင်ညို)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) အတွင်းလှည့်လည်၍ ကျန်းမာရေး အသိပညာပေးအစီအစဉ် သရုပ်ပြရိုက်ကူးမှု၊ သတင်းဖတ်ကြား ထုတ်လွှင့်မှု သရုပ်ပြရိုက်ကူးမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနအလိုက်တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုပ်သံပြတိုက်တည်ဆောက်ရန် မြေနေရာလျာထားမှုအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်များနှင့် ဝန်ထမ်းများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်များ အနေဖြင့် ရုပ်မြင်သံကြား ထုတ်လွှင့်ရေးနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံများရှိပြီးဖြစ်ကြောင်း၊ ယခုထက်ပိုမိုတိုးတက်စေရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အခြားရုပ်သံလွှင့်ဌာနများ၏ ရိုက်ကူးထုတ်လွှင့်မှုများကို ကြည့်ရှုလေ့လာ၍ မိမိတို့၏ရုပ်သံထုတ်လွှင့်မှုများကို တိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်၊ AI ခေတ်သို့ ရောက်ရှိနေပြီဖြစ်ပြီး တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အမြဲတမ်းလေ့လာ ဆောင်ရွက်နေရန်လိုကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ လူသားတိုင်းသည် တိုးတက်ဖွံ့ဖြိုးမှုကို လိုလားကြပြီး အမြဲမပြတ်ကြိုးစားအားထုတ်၍ ရှေ့သို့ချီတက်နေကြကြောင်း၊ မိမိတို့အနေဖြင့်လည်း "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဟူသည့် ဆောင်ပုဒ်အတိုင်း တစ်ဦးချင်း၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နေရမည် ဖြစ်ကြောင်း၊ ကြိုးစား အားထုတ်မှုများနှင့် လေ့လာမှုများကို အမြဲမပြတ် ဆောင်ရွက်ခြင်း၊ မိမိလုပ်ဆောင်ထားသည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်၍ အားသာချက်၊ အားနည်းချက်များကို ဖော်ထုတ်ခြင်းတို့ဖြင့် လုပ်ငန်းများတိုးတက်စေရေး ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လေ့လာခြင်းကို အသားကျဖြစ်စေရေး အလေ့အကျင့်ပြုလုပ်နေရန် လိုပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် အတတ်ပညာများကို အမီလိုက်နိုင်ရေး ဆောင်ရွက်နေရမည် ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်**

ရုပ်မြင်သံကြား ထုတ်လွှင့်ရေး လုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး အသိအမြင်ကောင်းများ၊ အများပြည်သူသိရှိရန် လိုအပ်သည်များကို ထုတ်လွှင့်ပေးခြင်းဖြင့် နိုင်ငံ့အကျိုးပြုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများကို အမြဲမပြတ်လေ့လာဖတ်ရှု၍ ပြန်လည်ဝေမျှခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် အသံနှင့်အရုပ် နှစ်မျိုးရှိကြောင်း၊ အသံနှင့်ပတ်သက်၍ အသံများမှန်ရန်လိုသကဲ့သို့ ရုပ်အနေအထားသည်လည်း တည်ကြည်သည့်အနေအထားတွင်ရှိရန်နှင့် ပျော့ပျောင်းသည့်အနေအထား ရှိစေရေး သတိထားရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် သွားလာနေထိုင်မှုများလည်းရှိရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် လုပ်ငန်းရပ်များအလိုက် မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်၍ရနိုင်မည်ကို ဆန်းစစ်လေ့လာ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရပ်ကြီးတစ်ခုလုံး တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်းပြောကြားပြီး တပ်တည်ဆောက်ရေးလုပ်ငန်းရပ်များ ဖြစ်သည့် "လေ့ကျင့်ရေး၊ အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ စိတ်ဓာတ်" တို့နှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (တောင်ညို) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်မှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များဆိုင်ရာ ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ကောင်စီနယ်မြေပညာရေးမှူး၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ တွဲဖက်ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးသင်တန်းကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် သုံးနေရာခွဲ၍ ကျင်းပပြီး ရန်ကုန်နှင့် မန္တလေးသင်တန်းများတွင် ကြီးကြပ်ရေးမှူး သင်တန်းသား ၅၂၆ ဦးနှင့် နေပြည်တော်တွင် ကျင်းပသည့် ယခုသင်တန်းတွင် သင်တန်းသား ၂၇၈ ဦး တက်ရောက်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံအဆင့် ကျင်းပပြုလုပ်သည့် စာမေးပွဲဖြစ်သည့်အတွက် စာမေးပွဲ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပနိုင်ရေး ယခုလိုကြီးကြပ်ရေးမှူး သင်တန်းများကို နှစ်စဉ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးတာဝန်ထမ်းဆောင်ကြမည့် ဆရာကြီး ဆရာမကြီးများ အနေဖြင့် မိမိတာဝန်ကျရာ စာစစ်ဌာနများတွင် တရားမျှတပြီး မသမာမှုကင်းရှင်းသည့် စာမေးပွဲဖြစ်စေရေး ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက Non-programmable Scientific Calculator များကို စာစစ်ဌာနများသို့ လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက စာမေးပွဲဆိုင်ရာလုပ်ငန်းများ၊ စာမေးပွဲဖြေဆိုခွင့်ဆိုင်ရာလုပ်ငန်းများ အခန်း(၁)၊ စာစစ်ဌာနလျာထားသတ်မှတ်ခြင်းနှင့် ကြီးကြပ်ရေးခန့်ထားခြင်းအခန်း (၂)(၃)၊ စာမေးပွဲကာလမေးခွန်းလွှာဆိုင်ရာ ညွှန်ကြားချက်များ အခန်း(၄)၊ ကြီးကြပ်ရေးမှူး၊ တွဲဖက်ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးနှင့် ရုံးအဖွဲ့များ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ အခန်း(၅)၊ စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ ပြစ်ဒဏ်များ အခန်း(၆)၊ ကြီးကြပ်ခ၊ အသေးသုံးစရိတ်ဆိုင်ရာ လုပ်ငန်းများအခန်း(၇)တို့ကို သင်တန်းပို့ချခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲ၊ သင်တန်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု





**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝက်ဝံကျေးရွာအုပ်စု၊ ကျွန်းတပင်ကျေးရွာရှိ တောင်သူ ဦးဝင်းဗိုလ်၏ မျိုးကွဲရေဆင်း ၉ ဂျုံစံပြကွက်သို့ရောက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဆောင်းဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ တစ်ဧကကုန်ကျစရိတ်နှင့် သီးနှံတင်းထွက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အထွက်နှုန်းကောင်းပြီး ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များကို ပိုမိုတိုးတက်အောင် စိုက်ပျိုးသွားနိုင်ရေး၊ ဂျုံသီးနှံအထွက်နှုန်းတိုးတက်ရေး၊ တောင်သူများအား လိုအပ်သည့် နည်းပညာများ ကူညီပံ့ပိုးပေးသွားရေးတို့ကို ပြောကြားပြီး တောင်သူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ စိုက်ခင်းအား ကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိုင်ကြီးကျေးရွာ ရွှေကောင်းကင် ဥစားကြက်မွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံတာဝန်ခံက Open Type စနစ်ဖြင့် မွေးမြူထားမှု၊ လက်ရှိ ၈ ခြံဖြင့် ကြက်အကောင်ရေ တစ်သိန်း မွေးမြူထားမှု၊ ကြက်စာအား ပြည်ပမှကုန်ကြမ်းနှင့် ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ပြောင်းကုန်ကြမ်းတို့ ရောစပ်ထုတ်လုပ်မှု၊ တစ်ရက် ဥအရေအတွက် ၈၅၀၀၀ ဥ ထွက်ရှိမှု၊ တစ်လုံးလျှင် ငွေကျပ် ၃၄၀ နှုန်းဖြင့် စားသုံးသူများအတွက် ဈေးကွက်အတွင်း တိုက်ရိုက်ဖြန့်ချိရောင်းချပေးနေမှုတို့နှင့် ကြုံတွေ့နေရသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ခြံအတွင်း ကြည့်ရှုခဲ့သည်။

ဆက်လက်၍ သက္ကံချိုင်းကျေးရွာရှိ တောင်သူဦးသန်းဝင်း၏ ဆောင်းကြက်သွန်နီစံပြကွက် စိုက်ခင်းသို့ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့်တောင်သူများ၏ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ခင်းများအား ကြည့်ရှုခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ ပြင်ဦးလွင်မြို့နယ် စိမ်းလန်းစိုပြည်ရေး Green Zone area များဖော်ဆောင်၍ အိမ်ခြံဝင်းနှင့် လမ်းများတွင် သစ်ပင်စိုက်ပျိုးနိုင်ရေးလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး ဌာနများ အချင်းချင်းပူးပေါင်း၍ အနီးကပ်ကြပ်မတ်ကာ ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး စေတီတော်မြတ်ကြီးအတွင်း အရုပ်လေးမျက်နှာရှိ မြတ်စွာဘုရားလေးဆူအား ဖူးမြော်ကြည်ညို၍ တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားပြီး ရှင်းလင်းတင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး(ညံတောဈေး)အား ခေတ်မီအဆင့်မြှင့်အာစီရ် ၆ ထပ် ဈေးကြီးအဖြစ် တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဈေးကြီးအတွက် လျှပ်စစ်ဓာတ်အားခွဲရုံ တည်ဆောက်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စီစဉ်နေမှု၊ ဈေးကြီးမှ ထွက်ရှိမည့် စွန့်ပစ်ရေများအတွက် လမ်းဖြတ်ရေမြောင်း တည်ဆောက်သွားမည့်အခြေအနေများနှင့် ဈေးကြီးတည်ဆောက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့နယ်အတွင်း အများသုံးသန့်စင်ခန်းတည်ဆောက်သွားမည့် လျှာထားမြေနေရာသို့လည်းကောင်း၊ ပြင်ဦးလွင်မြို့အဝင် ပန်းခြံအကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားမြေနေရာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# မြန်မာ-တရုတ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်ပြည့်အား ဂုဏ်ပြု မဟာမုနိဘုရားကြီးတွင် Solar လျှပ်စစ်မီး တပ်ဆင်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ





**မန္တလေး ဇန်နဝါရီ ၂၂**

မြန်မာ-တရုတ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေး ထူထောင်မှု ၇၅ နှစ်ပြည့်အား ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ လှူဒါန်း၍ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ပူးပေါင်းဆောင်ရွက်သည့် မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် အမေရိကန် ဒေါ်လာ ၁၄၀၀၀ တန်ဖိုးရှိ 30kw Solar လျှပ်စစ်မီး တပ်ဆင်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါ မဟာမုနိဘုရားကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Ms. Gao Ping ၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူများ၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မဟာမုနိဘုရားကြီး ဝင်ပေါက်ရှိ တပ်ဆင်လှူဒါန်းထားသော Solar လျှပ်စစ်ရုံရှေ့တွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ Solar လျှပ်စစ်တပ်ဆင်ထားသည့်အခန်းတွင်း ကြည့်ရှုပြီးနောက် ဘုရားရင်ပြင်တော်၊ စွယ်တော်တိုက်ရှေ့ရှိ ကမ္ဗည်းကျောက်စာအား နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

၎င်းနောက် မိုးကောင်းခမ္မာရုံတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် Ms.Gao Ping က မြန်မာ-တရုတ်နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးထူထောင်မှု ၇၅ နှစ်ပြည့်အား ဂုဏ်ပြုသောအားဖြင့် Solar လျှပ်စစ်မီး တပ်ဆင်လှူဒါန်းခြင်း ရည်ရွယ်ချက်များ၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များအား ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများ၊ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားများကို ပြောကြားပြီးနောက် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူက အသင်း၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တရုတ်ကောင်စစ်ဝန်ချုပ်နှင့် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ တာဝန်ရှိသူအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ခဲ့ပြီး ဘုရားကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







သတင်း-စာမျက်နှာ ၆





## သမ္မတ ဒေါ်နယ်လ်ထရမ့်က သိမ်းယူမည်ဟု ခြိမ်းခြောက်သောကိစ္စ ပနာမားနိုင်ငံက ကုလသမဂ္ဂထံသို့ တိုင်စာပေးပို့ခဲ့သည်ကို စတင်စစ်ဆေး

**ဝါရှင်တန် ဇန်နဝါရီ ၂၂**



သမ္မတ ဒေါ်နယ်လ်ထရမ့်က သိမ်းယူမည်ဟု ခြိမ်းခြောက်သောကိစ္စနှင့်ပတ်သက်၍ ပနာမားနိုင်ငံက ကုလသမဂ္ဂထံသို့ တိုင်စာပေးပို့ခဲ့သည်ကို စတင်စစ်ဆေးနေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မိမိတို့၏ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ကို ဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုအတွက် သိမ်းယူသွားမည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂစာချုပ်နှင့်အညီ အရေးယူဆောင်ရွက်ပေးရန် ပနားမားအစိုးရက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ထံသို့ တိုင်စာပေးပို့ခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ရှောင်တခင်ထည့်သွင်းဆွေးနွေးပေးရန်လည်း ယင်းတိုင်စာတွင် ပနားမားအစိုးရက တိုက်တွန်းပန်ကြားထားသည်။

၁၉၉၉ ခုနှစ်ကုန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ပနားမားတူးမြောင်းကို ပြန်လည်အပ်နှံခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံက ထိုတူးမြောင်းကို ရယူချုပ်ကိုင်ရန်ကြိုးစားခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုက သိမ်းယူမှုဖြစ်မည်ဟူ၍ပင် ဒေါ်နယ်လ်ထရမ့်က သမ္မတကျမ်းသစ္စာကျိန်ဆိုအပြီး မိန့်ခွန်းထဲ၌ အတိအလင်းထည့်သွင်းပြောကြားခဲ့သေးသည်။

ထရမ့် ပြောကြားသလိုမဟုတ်ဘဲ တရုတ်နိုင်ငံက မိမိတို့၏ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်အပေါ် အစဉ်တစိုက်လေးစားခဲ့သည်ဟု ပနားမားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မော်နင်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။ Mon

# INTERNATIONAL NEWS

# နိုင်ငံတကာသတင်းများ



## အစ္စရေးစစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဟာဇီဟာလေဗီ ဟားမတ်စ်ကျူးကျော်မှုကို မဟန့်တားနိုင်ခဲ့သဖြင့် နုတ်ထွက်

**ဂျေရုဆလင် ဇန်နဝါရီ ၂၂**

အစ္စရေးစစ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဟာဇီဟာလေဗီ ဟားမတ်စ်ကျူးကျော်မှုကို မဟန့်တားနိုင်ခဲ့သဖြင့် ယမန်နေ့က ရာထူးမှ ရုတ်တရက်နုတ်ထွက်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မိမိတို့နိုင်ငံသားများကို ကာကွယ်မပေးနိုင်ခဲ့သဖြင့် နုတ်ထွက်ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးထံသို့ပေးပို့သော နုတ်ထွက်ခွင့်တောင်းခံလွှာတွင် ၎င်းက ရေးသားတင်ပြထားသည်။

အစ္စရေးနိုင်ငံ၏ စစ်ဘက်ဆိုင်ရာရည်မှန်းချက်များ အလုံးစုံမပြည့်မြောက်သေးသည်ကို မိမိသိရှိသော်လည်း လာမည့် မတ်လ ၆ ရက်မှစတင်၍ တာဝန်အရပ်ရပ်ကို စွန့်လွှတ်သွားမည်ဖြစ်ကြောင်းလည်း အဆိုပါတောင်းခံလွှာတွင် ဒုတိယဗိုလ်ချုပ်ကြီး ဟာဇီဟာလေဗီက ရေးသားထားသည်။

မရှေးမနှောင်းတွင် တောင်ပိုင်းစစ်ဒေသအကြီးအကဲဖြစ်သူ ဗိုလ်ချုပ် ယာရွန်ဖင်းကဲလ်မန်းကလည်း အနောက်နေဂက်ဗ်ဒေသခံများကို ကောင်းစွာကာကွယ်စောင့်ရှောက်နိုင်ခဲ့ခြင်းမရှိသဖြင့်ဟု အကြောင်းပြကာ နုတ်ထွက်လွှာတင်ခဲ့ကြောင်း သိရသည်။ Mon

## တာလီဘန်အစိုးရ၏ အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ အမေရိကန်နိုင်ငံသား နှစ်ဦး လွတ်မြောက်ကာ ဌာနေပြန်ခွင့် ရရှိ

**ဝါရှင်တန် ဇန်နဝါရီ ၂၂**



တာလီဘန်အစိုးရ၏ အကျဉ်းသားလဲလှယ်ရေးအစီအစဉ်အရ ယမန်နေ့က အမေရိကန်နိုင်ငံသား နှစ်ဦး လွတ်မြောက်ကာ ဌာနေပြန်ခွင့်ရရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကာတာနိုင်ငံက အမေရိကန်အစိုးရနှင့် အာဖဂန်နစ္စတန် တာလီဘန်အစိုးရတို့အကြား စေ့စပ်ဆွေးနွေးပေးခဲ့ရာမှ နှစ်ဖက်အကျဉ်းသားလဲလှယ်ရေးအစီအစဉ် ဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

သမ္မတဂျိုးဘိုင်ဒင်၏ နိုင်ငံရေးသက်တမ်းမကုန်ဆုံးမီ အဆိုပါအစိုးရနှစ်ရပ်အကြား ညှိနှိုင်းသဘောတူညီခဲ့ကြပြီး အမေရိကန်နိုင်ငံသား နှစ်ဦးနှင့် အာဖဂန်နစ္စတန်နိုင်ငံသား တစ်ဦး အပြန်အလှန်လဲလှယ်ခဲ့ကြခြင်းဖြစ်ကြောင်း အမေရိကန်ပြောခွင့်ရသူက ရှင်းပြသည်။

အမေရိကန်ဘက်မှ လွတ်မြောက်လာသူများမှာ ရိုင်ယန်ကော်ဘက်နှင့် ဝေါလေ့စ်မက်ကင်တီတို့နှစ်ဦးဖြစ်ပြီး အာဖဂန်နစ္စတန်ဘက်မှ လွတ်မြောက်လာသူမှာ ခန်းမိုဟာမက်ဖြစ်သည်။ မူးယစ်ဆေးဝါးမှောင်ခိုမှု၊ အကြမ်းဖက်မှုစွဲချက်များဖြင့် ကာလီဖိုးနီးယားအကျဉ်းထောင်တွင် ထောင်ဒဏ်တစ်သက်ကျခံနေရသော ၎င်းကို လွှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ အမေရိကန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံအကြား ညှိနှိုင်းသဘောတူခဲ့ခြင်းသည် အနာဂတ်ဆက်ဆံရေးအတွက် အလားအလာကောင်းဖြစ်လာနိုင်သည်ဟု လေ့လာသူများ ရှုမြင်သုံးသပ်ကြောင်း သိရသည်။ Mon



## ယူကရိန်းနိုင်ငံတွင် ဆေးယဉ်ပြီးသော ရောဂါပိုးမွှားများကူးစက်လူနာများကို ထိရောက်စွာကုသပေးရန် အခက်ကြုံနေရ

**ကီယက်ဗ် ဇန်နဝါရီ ၂၂**

ယူကရိန်းနိုင်ငံတွင် ဆေးယဉ်ပြီးသော ရောဂါပိုးမွှားများကူးစက်၍ လူနာများကို ထိရောက်စွာကုသပေးရန် အခက်ကြုံနေရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါပိုးမွှားများသည် ဘက်တီးရီးယားများဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ယူကရိန်းနိုင်ငံ၌ ပထမဆုံးအကြိမ် ကြုံတွေ့ရသော ဆေးဘက်ဆိုင်ရာအခက်အခဲဖြစ်ကြောင်း ဒနီပရိုဆေးရုံမှ ဆရာဝန်ဒူဗျူနာက ရှင်းလင်းပြောကြားသည်။

အထူးသဖြင့် ဒဏ်ရာရလာသော စစ်သည်များကို ကုသနေကျဖြစ်သော ပဋိဇီဝပိုးသတ်ဆေးများဖြင့် ကုသပေးသော်လည်း ထိုဘက်တီးရီးယားများက ဆေးယဉ်နေသဖြင့် အသက်ဆုံးရှုံးမှုများရှိနေကြောင်း သိရသည်။ Mon



## ဩစတြေးလျကမ်းခြေများ၌ ယခင်အပတ်က တွေ့ခဲ့သောအလုံးများ ဓာတ်ခွဲစစ်ဆေးကြည့်သောအခါ ပိုးမွှားများကပ်ငြိနေသည်ကိုတွေ့ရ

**ကင်ဘာရာ ဇန်နဝါရီ ၂၂**

ဩစတြေးလျကမ်းခြေများ၌ ယခင်အပတ်ကတွေ့ခဲ့သော ထူးဆန်းသည့်အလုံးများကို သက်ဆိုင်ရာက ဓာတ်ခွဲစစ်ဆေးကြည့်သောအခါ ပိုးမွှားများကပ်ငြိနေသည်ကိုတွေ့ရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပေသီးလုံးခန့်အရွယ် မီးခိုးရောင်၊ အညိုရောင်၊ အနက်ရောင်အလုံးလေးများကို အများပြည်သူလာရောက်အပန်းဖြေလေ့ရှိသည့် ဆစ်ဒနီမြောက်ပိုင်းရှိ မန်လီ၊ ဒီဝိုင်းအပါအဝင် ကမ်းခြေများတွင် ထူးဆန်းစွာတွေ့ရှိခဲ့သဖြင့် ကမ်းခြေ ၉ ခုကို ဇန်နဝါရီ ၁၄ ရက်တွင် အပန်းဖြေရေကစားသူများကို လုံးဝမလာစေတော့ဘဲ ပိတ်ပစ်ခဲ့သည်။

နယူးဆောက်သ်ဝေးပြည်နယ် ပတ်ဝန်းကျင်စောင့်ရှောက်ရေးအဖွဲ့က ထိုအလုံးလေးများကို ဓာတ်ခွဲစစ်ဆေးကြည့်စေခဲ့ရာ တိရစ္ဆာန်များ၏ မစင်ထဲ၌ပါလာတတ်သော ဘက်တီးရီးယားပိုးမွှားများဖြင့် ဖွဲ့စည်းထားကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါအလုံးများထဲတွင် ဖက်တီးအက်ဆစ်များနှင့် မီးတောင်ကျောက်အစအနများကိုလည်းတွေ့ရှိရကြောင်း အဆိုပါပတ်ဝန်းကျင်စောင့်ရှောက်ရေးအဖွဲ့ ပြောခွင့်ရသူက ရှင်းလင်းပြောကြားသည်။

ယင်းကဲ့သို့တွေ့ရှိပြီးနောက် လာရောက်အပန်းဖြေသူများ ဘေးဥပါဒ်မဖြစ်စေရန်အတွက် ပင်လယ်ထဲမှ လှိုင်းပုတ်ခံရပြီး ကမ်းစပ်အသီးသီးပေါ်သို့တက်လာသော အလုံးလေးများကို ဖယ်ရှားရှင်းလင်းပြီးဖြစ်ကြောင်း မြောက်ပိုင်းကမ်းခြေများကောင်စီက ဇန်နဝါရီ ၂၁ ရက်တွင် အတည်ပြုကြေညာသည်။

ထိုထူးဆန်းသောအလုံးလေးများ နောက်ထပ်ရောက်ရှိမလာစေရန် ကျွမ်းကျင်သူများ၏အကူအညီဖြင့် ဆက်လက်ကြိုတင်ဆောင်ရွက်သွားမည်ဟု မြောက်ပိုင်းကမ်းခြေများ မြို့တော်ဝန်စူဟိန်းစ်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။ Mon

## ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပျက်ကျပြီးနောက်ပိုင်း တောင်ကိုရီးယားလေဆိပ်အချို့တွင် ကွန်ကရစ်တံတိုင်းများပြုပြင်

**ဆိုးလ် ဇန်နဝါရီ ၂၂**

ဂျယ်ဂျူးလေကြောင်းလိုင်းပိုင် လေယာဉ်ပျက်ကျပြီးနောက်ပိုင်း တောင်ကိုရီးယားလေဆိပ်အချို့တွင် ကွန်ကရစ်တံတိုင်းများ ပြုပြင်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါလေယာဉ်အဆင်းတွင် ဘီးချ၍မရသဖြင့် ဝမ်းဗိုက်ဖြင့်အရေးပေါ်ဆင်းစဉ်က မူအန်းအပြည်ပြည်ဆိုင်ရာလေဆိပ်ပြေးလမ်းအဆုံးတွင်ရှိနေသော ကွန်ကရစ်တံတိုင်းကို ဝင်တိုက်မိပြီး ပေါက်ကွဲမီးလောင်ခဲ့ခြင်း ဖြစ်သည်။

လေဆိပ်များတွင် ကွန်ကရစ်တံတိုင်းထားရှိမည့်အစား အခြားခံ့စည်းရိုး ပြောင်းလဲထားရှိသင့်သည်ဟု ကျွမ်းကျင်သူအချို့ ဝေဖန်ထောက်ပြခဲ့ကြောင်း သိရသည်။ Mon



ယမန်နေ့က လူလေးဦး ဒဏ်ရာရစေခဲ့သော ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ အစ္စရေး တယ်လဗီမြို့တစ်နေရာရှိ ဝိုင်အဖျော်ယမကာ အရောင်းဆိုင်အတွင်းပိုင်းကို တွေ့ရစဉ်။ Mon





## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရှိရေကန်များတွင် ရေဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့ပေါ်ရှိ ရေကန်များအား သန့်ရှင်းရေးဆောင်ရွက်၍ ရေဖြည့်တင်းခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးဦးဆန်းဝင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေကန်များအား သန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး မီးသတ်ကန်များအတွင်း ရေများဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀-၀-၀



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign) နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး (compaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

(အပေါ်ဓါတ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**သာစည် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စု၊ ယင်းမာပင်ကျေးရွာမှ ကျဲတပ်ဆုံကျေးရွာသွားတောလမ်းတွင် ဇော်လှိုင် မောင်းနှင်ပြီး ဖြိုးနောင်(ခ)မောင်စောင်း လိုက်ပါလာသည့် HIJET မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၇ ကီလို၊ ကက်တမင်း ၉၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀နှင့် ဘိန်းဆီခဲ ၉ ဒသမ ၃၆ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲက သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသည့် အောင်သူဟိန်း(ခ)အောင်သူနှင့် ခင်မောင်စိုး(ခ)ဖိုးသားတို့အား သာစည်မြို့နယ်၊ ဘုရားငါးဆူလမ်းဆုံအနီးတွင် မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဇော်လှိုင် (၄၈) နှစ်၊ ဖြိုးနောင်(ခ)မောင်စောင်း (၂၄) နှစ်၊ အောင်သူဟိန်း(ခ)အောင်သူ (၂၈) နှစ်နှင့် ခင်မောင်စိုး(ခ)ဖိုးသား (၂၆) နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။




(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဇန်နဝါရီ ၁၉ ရက် ညနေ ၃ နာရီ ၄၅မိနစ်က တာချီလိတ်မြို့နယ်၊ လွယ်စီတုံ(အောက်)ကျေးရွာ၊ ပုံလှို့လမ်းတွင် ယဲဆောင်(ခ)လီဂျူး ဆိုသူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၄ နာရီက လော်လို့(ခ)အားလို့နှင့် အားချိတို့အား အဆိုပါ ကျေးရွာအနီးတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၊ လက်ကိုင်ဖုန်း ၃ လုံးတို့ နှင့်အတူ ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ယဲဆောင်(ခ)လီဂျူး (၂၉) နှစ်၊ လော်လို့(ခ)အားလို့ (၂၃)နှစ်နှင့် အားချိ(၂၆)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နှင့် မြစ်သားမြို့များတွင် မီးလောင်မှုများ ဖြစ်ပွား

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ စက်မှုဇုန်၊ ဆေးရိုးစက်လုပ်ငန်းဝင်းတွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မြင်းခြံခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၄ စီး၊ မီးသတ်ရေသယ်ယာဉ် ၄ စီး၊ မြင်းခြံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၂ စီး၊မီးသတ်ရေသယ်ယာဉ် ၁ စီး၊ စက်မှုဇုန်အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၁ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ၇ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့၊ ရွှေသူဌေးရပ်ကွက်၊ မာဃလမ်းတွင် ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြစ်သားမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ၃ စီး၊ မီးသတ်ရေသယ်ယာဉ် ၁ စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ ကြောင်း သိရသည်။



(အပေါ်ပုံ)

(၀၄၅)

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး သွားရောက်စစ်ဆေး

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး အတွင်း ဆောင်ရွက်နေသော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ အနက် မြို့နယ်သုံးခုမှ လုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် လုပ်ငန်းဆောင်ရွက်နေမှုများ သတ်မှတ်ကာလ အတွင်း ရာနှုန်းပြည့်ပြီးစီးရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သွားရောက်စစ်ဆေးခဲ့သည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများမှာ စဥ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်၊ တံတားဦးမြို့နယ်တို့မှ လုပ်ငန်းများဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မြင့်သန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

မန္တလေးတိုင်းဒေသကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာ၌ အရည်သွေးပြည့်မီရန်လိုအပ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ်လ ၁၅ ရက်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေးခဲ့သည့် လုပ်ငန်းများမှာ စဥ့်ကိုင်မြို့နယ်၊ ရွာဘိုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် RCC ကွန်ကရစ်ပိုင်အခြေပြုကျောက်စီတမံဖြင့် ပေ ၈၀၀ နှင့် မကျည်းကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် RCC Pile အခြေပြုကျောက်စီတမံဖြင့် ပေ ၅၀၀၊ ကင်းလက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးတွင် Bored Pile အခြေပြုကျောက်စီတမံဖြင့် ပေ ၇၀၀ လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ထို့ပြင် အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် RCC Pile အခြေပြုကွန်ကရစ်ပြားကပ်တမံ ဖြင့် ပေ ၇၀၀၊ တံတားဦးမြို့နယ်၊ မုန့်တီစုကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် RCC Pile အခြေပြုကျောက်စီတမံဖြင့် အလျား ပေ ၁၀၀၀ နှင့် ပန်းယျကျေးရွာကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် RCC Pile အခြေပြုကျောက်စီတမံဖြင့် ပေ ၅၀၀ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့သည်။(**အပေါ်ပုံ**)



**(မန္တလေးနေ့စဥ်-၉)**




# အရပ်ရပ်အခွင့်အရေး လုပ်ငန်းလိုင်စင်(၃)ခု ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်

**ရေနံချောင်း ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅ခုနှစ် ဧပြီ ၁ ရက်နေ့မှ ၂၀၂၆ခုနှစ် မတ်လ ၃၁ နေ့အထိ ကာလအတွက် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင် (၃)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေလံတင်ရောင်းချမည့် လုပ်ငန်းလိုင်စင်(၃)ခုမှာ လမ်းဘေးဈေးကောက်လိုင်စင်၊ ဆိပ်ကမ်းကောက်လိုင်စင်၊ ကျွဲနွားပွဲဈေးကောက်လိုင်စင်တို့ ဖြစ်ကြောင်း ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

အထက်ပါလုပ်ငန်းလိုင်စင်(၃)ခုအား ဇန်နဝါရီ ၂၇ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရောင်းချသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၂၄ ရက် သောကြာနေ့ ၁၆ နာရီ ၃၀ မိနစ်အထိ လေလံလျှောက်လွှာများကို လက်ခံမည်ဖြစ်ကြောင်း သိရသည်။

(၄၇၂)

# ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးနှင့် ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄-၂၀၂၅ပညာသင်နှစ်၊ ခရိုင်၊ မြို့နယ်အဆင့် ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးနှင့် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော ခရိုင်၊ မြို့နယ် ကျောင်းကျန်းမာရေးကော်မတီ အစည်းအဝေးတွင် ဖော်ထုတ်ရရှိသော အားသာချက်များကို လာမည့် ပညာသင်နှစ်တွင် ဆက်လက်ထိန်းသိမ်းပြီး အားနည်းချက်များကို ပြုပြင်ပြီး ပို၍ကောင်းသော ကျောင်းကျန်းမာရေး လုပ်ငန်းများဖြစ်အောင် ကြိုးစားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ရွှေအောင်က အစည်းအဝေးကျင်းပခြင်း ရည်ရွယ်ချက်အား ပြောကြားခဲ့ပြီး ကလေးအရာရှိ(ကျောင်းကျန်းမာ) ဒေါ်စန်းစန်းသင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများက ဆွေးနွေးမှုအပေါ် တာဝန်ရှိသူအသီးသီးက ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**ဇော်ထက်(သရက်)**

# ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဆီစက်ဂိုဒေါင် မီးလောင်ပျက်စီးဟု မဟုတ်မမှန်၊ သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်ကျေးရွာအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၁၉ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် ကျေးရွာအတွင်းရှိ ဆီစက်ဂိုဒေါင်တစ်လုံး မီးလောင်ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရ သည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာ၊ ရပ်ကွက်များအတွင်း မည်သည့်ပစ်ခတ်မှုမှ လုပ်ဆောင်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များအား ခေါင်းစဥ်အမျိုးမျိုးတပ်၍ အကြောက်တရားများလွှမ်းမိုးစေရန် လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ ယခုဖြစ်စဥ်တွင်လည်း အကြမ်းဖက်သမားများ ပစ်ခတ်လိုက်သည့် လက်နက်ကြီး ကျည်များသည် ကျေးရွာအတွင်း ကျရောက်ပေါက်ကွဲရာမှ နေအိမ်များ မီးလောင်ပျက်စီးရကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများမှ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်ရည်ရွယ်၍ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဥ်**

# လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀နာရီက အဆိုပါ မြို့နယ်ရှိ အ-ထ-က (၃၉)ကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မန္တလေးခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မိုးက အားကစားနည်း(၄)မျိုးနှင့် အားကစားလေ့ကျင့်ခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာပေဗဟုသုတကြွယ်ဝဖို့ လူတိုင်းစာဖတ်ကြပါစို့ ခေါင်းစဥ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးနွယ်အေးချိုက အားကစားသိပ္ပံအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီး ဟောပြောကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းသား၊ ကျောင်းသူများအတွက် ပိုက်ကျော်ခြင်း၊ ခြင်းလုံးနှင့် ဘော်လီဘော အစရှိသည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ အ-ထ-က(၃၉) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

| | | |
|---|---|---|
| အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (အုပ်စု-က) အနိုင်၊ အရှုံး | | NGB |
| ရှမ်း | ၁ - ၄ | ဘီဂျီပသန် |

| | | |
|---|---|---|
| ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဥ်-၇) အနိုင်၊ အရှုံး | | NGB |
| ဘက်ဆစ်တပ် | ၄ - ၁ | ဘီလ်ဘာအို |

# နိုင်ငံတကာ အားကစား သတင်းများ

## ပစ်တာဟေးစ် မန်ချက်စတာစီးတီးအသင်းတွင် ကျောနံပါတ် ၂၂ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**မန်ချက်စတာ ဇန်နဝါရီ ၂၂**

နောက်ခံကစားသမားသစ် ဗစ်တာဟေးစ် မန်ချက်စတာစီးတီး အသင်းတွင် ကျောနံပါတ် ၂၂ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက် အတွင်းတွင် ပါးလ်မီးရပ်စ်အသင်း



မှ မန်ချက်စတာစီးတီးအသင်းသို့ စတာလင်ပေါင် ၂၉ ဒသမ ၆ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဗစ်တာဟေးစ်သည် ပါးလ်မီးရပ်စ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၂ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက် စတာစီးတီးအသင်းက ခေါ်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

အသက်(၁၉)နှစ်အရွယ်ရှိ ဗစ်တာဟေးစ်က "ကျွန်တော် မန်ချက်စတာစီးတီးအသင်းမှာ ကျောနံပါတ် ၂၂ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ခွင့်ရဖို့လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)



## ဆာလာ ဥရောပသွင်းဂိုး ဂိုး ၅၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်

**လန်ဒန် ဇန်နဝါရီ ၂၂**

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် ကစားသမားဘဝ ဥရောပသွင်းဂိုး ဂိုး ၅၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ် ရပ်ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ဥရောပချန်ပီယံလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက လိုင်လီအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုး တစ်ဂိုးသွင်း ယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။ (အပေါ်ပုံ)

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈၀ ပွဲကစားပြီး ၂၃၃ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်လာမည့် ပွဲစဉ်တွေမှာလည်း ယခုလို သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ကြိုးစားသွားမှာပါ။ လီဗာပူးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီမှာလည်း အောင်မြင်မှုဆုဖလလားတွေ ရယူသိမ်းပိုက်သွားဦးမှာပါ" ဟု ပြောသည်။ (NGB)

## အန်ဒရီးစ်ဂါစီယာအား အက်စတွန်ဗီလာအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၂**

အက်စတွန်ဗီလာအသင်းသည် လီဗန်တေးအသင်း နောက်ခံကစားသမား အန်ဒရီးစ်ဂါစီယာအားခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လီဗန်တေးအသင်းနှင့်အတူ ၂၀၂၂ -၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၅၀ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာအသင်း ထုတ်ပြန်ချက်တွင် "အန်ဒရီးစ်ဂါစီယာအား ခေါ်ယူအားဖြည့်ခဲ့ပါပြီ။ သူအနေနဲ့လည်း အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ (အောက်ပုံ) (NGB)



## ရှယ်လ်ပေးအား ရာသီကုန်အထိစာချုပ်တစ်ရပ်ဖြင့် ဘန်လေအသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၂၂**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဘန်လေအသင်းသည် ဝါရင့်ကွင်းလယ်ကစားသမား ရှယ်လ်ဗေးအား ရာသီကုန်အထိစာချုပ် တစ်ရပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝ တစ်လျှောက်တွင် လီဗာပူး၊ ဆွမ်ဆီး၊ နယူးကာဆယ်၊ နော်တင်ဟမ်ဖောရက်စ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘန်လေအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ရှယ်လ်ဗေးက "ကျွန်တော် ဘန်လေအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုတဲ့အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဘန်လေ အသင်းနှင့်အတူ ရလဒ်ကောင်းတွေရရှိအောင် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (အောက်ပုံ) (NGB)



## စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များ ထွက်ပေါ်

စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအတွက် မဲခွဲပွဲအား ယမန်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ပွဲစဉ်များထွက်ပေါ်လာခဲ့ပြီ ဖြစ်သည်။

စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် ဗလင်စီယာအသင်းနှင့် ဘာစီလိုနာအသင်း၊ လီဂါနက်စ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း၊ အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ဂီတာဖေး အသင်း၊ ဆိုစီဒက်အသင်းနှင့် အိုဆာဆူနာအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ (အောက်ပုံ)

စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၅၊ ၆၊ ၇ ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)




### ဘောလုံးသတင်းအတိုအထွာများ

* နည်းပြ အန်ဆလော့တီ ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* မိုနာကိုအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်အား အငှားဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

* ဥရောပချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းသည် ဘင်ဖီကာအသင်းအား ငါးဂိုး၊လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။ (NGB)

### ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၇)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) |
|---|---|---|
| ၂၄-၁-၂၀၂၅ သောကြာနေ | နံနက် ၀၀:၁၅ နာရီ | (၁၉)အယ်လ်ခမာ(နယ်သာလန်-၆) - ရိုးမား(အီတလီ-၉)(၁၄) |
| ။ | ။ | (၁၃)ဘိုဒို(နော်ဝေ-၁) - မက္ကာဘီတဲလ်အဗစ်(အစ္စရေး-၂)(၂၅) |
| ။ | ။ | (၁၈)ပေါ်တို(ပေါ်တူဂီ-၃) - အိုလံပီယာကို့စ်(ဂရိ-၁)(၁၅) |
| ။ | ။ | (၂၁)ဗီနာဘာချီ(တူရကီယံ-၂) - လိုင်ယွန်(ပြင်သစ်-၆)(၄) |
| ။ | ။ | (၃၁)မော်လ်မို(ဆွီဒင်-၁) - တွမ်တီး(နယ်သာလန်-၅)(၃၀) |
| ။ | ။ | (၃၃)ကာရာဘတ်(အဇာဘိုင်ဂျန်-၁) - FCSB(ရိုမေးနီးယား-၂)(၁၀) |
| ။ | ။ | (၂၆)ဟော်ဖန်ဟိမ်း(ဂျာမနီ-၁၅) - စပါး(အင်္ဂလန်-၁၅)(၉) |
| ။ | ။ | (၁၇)ဝစ်တိုးရီးယားပလာဇန်(ချက်-၂) - အန်းဒါးလက်ချ်(ဘယ်လ်ဂျီယံ-၄)(၃) |
| ။ | နံနက် ၀၂:၃၀ နာရီ | (၅)ဖရန့်ဖတ်(ဂျာမနီ-၃) - ဖီရန်ဘားရို့စ်(ဟန်ဂေရီ-၂)(၁၆) |
| ။ | ။ | (၂၄)အယ်လ်ဘော့(ဆွီဒင်-၇) - နိစ်(ပြင်သစ်-၅)(၃၅) |
| ။ | ။ | (၁)လာဇီယို(အီတလီ-၄) - ဆိုစီဒက်(စပိန်-၇)(၁၂) |
| ။ | ။ | (၃၂)လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား-၁) - မစ်ဂျီလန်း(ဒိန်းမတ်-၂)(၂၃) |
| ။ | ။ | (၇)မန်ယူ(အင်္ဂလန်-၁၃) - ရိန်းဂျားစ်(စကော့တလန်-၂)(၈) |
| ။ | ။ | (၂၂)PAOK(ဂရိ-၄) - ဆလားဘီးယားပရပ်(ချက်-၁)(၂၉) |
| ။ | ။ | (၃၄)ရီဂါစ်(လတ်ဗီးယား-၁) - အေဇက်ဇ်(နယ်သာလန်-၂)(၁၁) |
| ။ | ။ | (၂၀)ယူနီယံစိန့်(ဘယ်လ်ဂျီယံ-၃) - ဘရာဂါ(ပေါ်တူဂီ-၄)(၂၅) |

()အတွင်းမှ အဆင့်မှာ ပြိုင်ပွဲဝင်အသင်း(၃၆)သင်း၏ အမှတ်ပေးဇယားအဆင့်များ ဖြစ်ပါသည်။

## 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Novak Djokovic တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၂၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား



တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ နာမည်ကျော်ဆားဘီးယားတင်းနစ်ကစားသမား Novak Djokovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ် ကစားသမား Novak Djokovic သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ကွာတား ဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz အား ၄-၆၊ ၆-၄၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆားဘီးယား တင်းနစ် ကစားသမား Novak Djokovic နှင့်ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

သတင်း-စာမျက်နှာ ၆





# ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားများအား ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၂**

အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီတွင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အနော်ရထာခန်းမ၌ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေး ဆောင်ရွက်မည့်လုပ်ငန်းဖြစ်သည့် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာသင်တန်းဆင်းပွဲနှင့်လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုက ညောင်ဦးခရိုင်အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဦးတည်ချက်(၉)ရပ်အနက် စီးပွားရေးဦးတည်ချက်၊ လူမှုရေးဦးတည်ချက်များကို ဝန်ကြီးဌာန၏ မျှော်မှန်းချက်များနှင့်အညီ ကဏ္ဍအလိုက်စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း အမှာစကားပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်သီတာထွန်းက ယခုလိုနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မိသားစုတစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်း များ ထူထောင်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကမောင်းနှင်အားဖြစ်သော MSMEs လုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံကျပြီး အရေးပါသောစက်ရုံ အလုပ်ရုံများပေါ်ထွန်းလာစေရန် လိုအပ်ပါကြောင်း၊မိသားစုတစ်နိုင်တစ်ပိုင်စက်မှုလုပ်ငန်းများမှ တစ်ဆင့် အငယ်စားနှင့်အလတ်စား စက်ရုံလုပ်ငန်းများသို့ တိုးချဲ့လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းသုံးပစ္စည်းများပေးအပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များက လုပ်ငန်းထူထောင်မည့် သင်တန်းသား သုံးဦးအတွက် Air Compresson ဘက်ထရီသွင်းစက်များ၊ ဖိအားမြှင့်ရေဖျန်းစက်များ၊ လက်သုံးကိရိယာများနှင့် သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကာ ခင်းကျင်းပြသထားသည့် လုပ်ငန်းသုံးပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

# စိုက်ပျိုးထားသော ကြက်သွန်နီမျိုးစေ့ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊ ကုန်းကြီးကျေးရွာ တောင်သူ ဦးတင်လင်း စိုက်ပျိုးထားသော ကြက်သွန်နီမျိုးစေ့(ကြက်သွန်ပန်း) စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးရာတွင် အပင်ပွားနည်းစေမည့် မျိုးဥများကို စိစစ်ရွေးချယ်ပြီး စိုက်ပျိုးကြကြောင်း၊ အပင်ပွားများသည့် ကြက်သွန်မျိုးဥများ စိုက်ပျိုးမိပါက ကြက်သွန်တစ်ဥမှပန်းပွင့်အများအပြား ထွက်ရှိပြီး အောင်မြင်သည့်မျိုးစေ့ ထွက်ရှိမှုနည်းပါးကြောင်း၊ ကြက်သွန်တစ်ဥမှ ပန်းတံတစ်တံထွက်ရှိ၍ ပန်းတစ်ပွင့် ပွင့်မှသာ အမြစ်မှ ပို့လွှတ်သည့်အာဟာရများ ပြည့်ဝစွာရရှိပြီး အောင်မြင်သည့် မျိုးစေ့များ ရရှိကြောင်းနှင့် မျိုးရွေးချယ်မှုသည် အရေးကြီးကြောင်း ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ပျိုးရောင်းချသည့် တောင်သူများထံက သိရသည်။

ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ခင်းများကို ရာသီဥတုနှင့် မြေအနေအထားအရ နတ်တော်လနှင့် ပြာသိုလများတွင် စိုက်ပျိုးကြပြီး စိုက်ပျိုး၍ ရက်ပေါင်း(၂၀) ကျော်လွန်ပါက ပန်းပွင့်မည့် ကြက်သွန်အဖူးများ စတင်ထွက်ရှိလာပြီး အောင်မြင်သန်မာသည့် ပန်းပွင့်များရရှိရေး ပေါင်းမြက်နုတ်ပယ်ရှင်းလင်းခြင်း၊ မြေဆွခြင်း၊ အပင်အားတိုးဆေးနှင့် ဝတ်မှုန်ကူးချိန်တွင် ပျားမွေးမြူရေးပုံးများ ချထားပေးခြင်းဖြင့် အောင်မြင်သည့် မျိုးစေ့များ ပိုမိုထွက်ရှိကြောင်းနှင့် တပေါင်းလနှင့် တန်ခူးလများတွင် ကြက်သွန်ပန်းအပွင့်များ ခူးဆွတ်ကာ အောင်မြင်သည့် မျိုးစေ့များ ရရှိစေရန်အတွက် အပွင့်များကို ခူးဆွတ်နေလှန်း၍ အစေ့ထုတ်ယူပြီး မျိုးစေ့ဖျက်ပိုးများ ကျရောက်မှု မရှိရေး စနစ်တကျ သိမ်းဆည်းပြီး ရောင်းချကြကြောင်း သိရသည်။

(ဝဲပုံ)



(၄၈၅)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ မိတ္ထီလာတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်၏ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ ၎င်း ဘာသာရပ်ပေါင်းစုံ(အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ဓာတုဗေဒ၊ ဘူမိဗေဒ၊ သင်္ချာ၊ ရက္ခဗေဒ၊ အရှေ့တိုင်းပညာ၊ ဒဿနိက၊ သမိုင်း၊ ရူပဗေဒ၊ မြန်မာစာ၊ ပထဝီဝင်၊ အင်္ဂလိပ်စာနှင့် ဥပဒေပညာ ဘာသာရပ်များမှ စုစုပေါင်း ပြိုင်ပွဲဝင်အသင်း ၁၂ သင်းပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၅၃)

# အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့ နံနက် ၇ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(၅၈၉-က)၊ကွက်သစ်ထိန်ကုန်းရပ်ကွက်၊ မဇေဒင်သိန်းလမ်းနှင့် ဈေးလမ်းထောင့်တွင် ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၂၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်-၆)**





## မိုးညှင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိုးညှင်း ဇန်နဝါရီ ၂၂**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀နာရီက တက္ကသိုလ်ဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသား(နှစ်ယောက်တွဲ) ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ သချၤာဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် သချၤာဘာသာရပ်အသင်းမှလည်းကောင်း၊ အမျိုးသမီး(နှစ်ယောက်တွဲ) ပြိုင်ပွဲ၌ ဓာတုဗေဒဘာသာရပ်အသင်းနှင့် အင်္ဂလိပ်စာဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် အင်္ဂလိပ်စာဘာသာရပ်အသင်းမှလည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား(တစ်ဦးချင်း) ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ သချၤာဘာသာရပ်အသင်းနှင့် ဓာတုဗေဒဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် သချၤာဘာသာရပ်အသင်းမှလည်းကောင်း၊အမျိုးသမီး(တစ်ဦးချင်း)ပြိုင်ပွဲ၌ အင်္ဂလိပ်စာဘာသာရပ်အသင်းနှင့် သချၤာဘာသာရပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် အင်္ဂလိပ်စာဘာသာရပ်အသင်းမှလည်းကောင်း အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်ယောက်တွဲ အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသည့်အသင်းများကိုလည်းကောင်း၊အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းလိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသည့် အသင်းများကိုလည်းကောင်း ဆုများအသီးသီးနှင့် တံခွန်စိုက်ဒိုင်း ဆုဖလားကြီးများကို တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမဉ္ဇူမြင့်နှင့် ပါမောက္ခ(ဌာနမှူး)များက ဆုဖလားများနှင့် ငွေသားများအား အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ရွှေမိုးညှင်း**

## ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာပါရှိရေးနှင့် စားသုံးဆီများ အမှန်တကယ်အသုံးပြုရေး တွေ့ဆုံဆွေးနွေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၂

ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါရှိရေးနှင့် စက်မှုလုပ်ငန်းသုံးစားသုံးဆီများ အမှတ်တကယ်အသုံးပြုရေး အသေးစား၊အငယ်စား၊အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက်က နံနက် ၁၀နာရီက စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တာဝန်ခံရုံးတွင် ကျင်းပသည်။



တွေ့ဆုံပွဲတွင် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းစိုးက အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုန်စည်များတွင် ကုန်အညွှန်းအမှတ်သား ပြည့်စုံစွာပါရှိရေး၊ ကုန်အညွှန်းအမှတ်အသားမရှိပါက လျှော့ကျထားစေရေးနှင့် လုပ်ငန်းရှင်များအနေဖြင့် စက်မှုလုပ်ငန်းသုံး စားသုံးဆီများ အမှန်တကယ်အသုံးပြုစေရေးပြောကြားပြီး တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များ၏ သိလိုသောမေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အလားတူ ကုန်စည်များတွင် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာပါရှိရေးတွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၃ နာရီက ညောင်ဦးခရိုင် စားသုံးသူရေးရာဦးစီးဌာနအစည်းအဝေးခန်းမတွင်လည်း ကျင်းပရာ ပုန်းရည်ကြီးနှင့် စားသောက်ကုန် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ) (ဝ၄၅)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ၂၀၂၅ ခုနှစ်၊ (၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပမည်

(၂၁)ကြိမ်မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ၇၈ လမ်းနှင့် သိပ္ပံလမ်းထောင့်၊ ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်းနေရာတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ (၁၄)ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲတွင်

(၁) ပန်းအလှပြုပြင်ခြင်းပြိုင်ပွဲ
(၂) ပန်းအလှပင်ပြိုင်ပွဲ
(၃) ရာသီပန်းအလှပင်ပြိုင်ပွဲ
(၄) အရွက်အလှပင်ပြိုင်ပွဲ
(၅) ရွက်လှပင်ပြိုင်ပွဲ
(၆) ပြည်တွင်းသစ်ခွပြိုင်ပွဲ
(၇) ပြည်ပသစ်ခွပြိုင်ပွဲ(ကတ်တလီးယားပြိုင်ပွဲ)
(၈) ပြည်ပသစ်ခွ(စင်ဘီးဒီးယမ်းပြိုင်ပွဲ)
(၉) ပြည်ပသစ်ခွ(ဗန်ဒါပြိုင်ပွဲ)
(၁၀) နှင်းဆီပင်အမျိုးမျိုးပြိုင်ပွဲ
(၁၁) ရှားစောင်းပင်ပြိုင်ပွဲ
(၁၂) သက်ကြီးပုပင်(ဘွန်ဆိုင်း)ပြိုင်ပွဲ
(၁၃) အသီးပါသည့် အလှအပင်ပြိုင်ပွဲ
(၁၄) ဟင်းသီးဟင်းရွက် အရွက်ပြိုင်ပွဲ (ဥပမာ-မုန်ညင်းရွက်)
(၁၅) ဟင်းသီးဟင်းရွက် အထုပ်ပြိုင်ပွဲ (ဥပမာ-ဂေါ်ဖီထုပ်၊ ပန်းမုန်လာထုပ်)
(၁၆) ဟင်းသီးဟင်းရွက် အသီးပါအပင်ပြိုင်ပွဲ (ဥပမာ-ခရမ်း၊ ငရုတ်)
(၁၇) ဟင်းသီးဟင်းရွက် ဥပြိုင်ပွဲ (ဥပမာ-မုန်လာဥ)
(၁၈) သစ်သီးပြိုင်ပွဲ (ဥပမာ-သင်္ဘောသီး၊ ဖရဲသီး)
(၁၉) ဟင်းသီးအသီး အလုံးလိုက်ပြိုင်ပွဲ (ဥပမာ-ဘူးသီး)
(၂၀) သစ်သီးဝလံအခိုင်လိုက်ပြိုင်ပွဲ (ဥပမာ-ငှက်ပျောခိုင်၊ အုန်းသီးခိုင်)
(၂၁) သစ်သီးဝလံဥပြိုင်ပွဲ(ဥပမာ-စိမ်းစားဥ၊ ကန်စွန်းဥ၊ ဝဥ၊ မျောက်ဥ)
(၂၂) ဟင်းသီးအသီးအနှံအတွဲလိုက်ပြိုင်ပွဲ (ဥပမာ-ခရမ်းချဉ်သီး)
(၂၃) သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲ

ပြိုင်ပွဲအမျိုးအစားအားလုံးအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၃)ဆု ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များအား ဆင်ဖြူကန်ကွင်းအရှေ့ဘက်ခြမ်း ကွပ်ကဲရေးရုံးသို့ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ ရုံးချိန်အတွင်း ပေးပို့ရမည်။ ပန်းအလှပြုပြင်ခြင်းနှင့် သစ်သီးပုံဖော်အလှဆင်ခြင်းပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်ပစ္စည်းများကို ဖေဖော်ဝါရီလ(၁၀)ရက်နေ့ (၁၁)နာရီအထိ လက်ခံဆောင်ရွက်ပေးပါမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ ဖုန်း(၀၉-၉၈၂၁၁၁၁၁၁၊ ၀၉-၂၅၉၀၈၀၇၅၇) တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မိုင်းဖြတ် ဇန်နဝါရီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊မိုင်းဖြတ်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ ပြည်သူများ ကိုင်ဆောင်သင့်သောကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးအတွက် အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အ.ထ.က (မိုင်းဖြတ်)၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိုင်းဖြတ်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးဝင်းနှင့် ဝန်ထမ်းများက အ.ထ.က(မိုင်းဖြတ်)ကျောင်းရှိ အသက်(၁၀)နှစ် ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူ ၁၈၇ဦးကို နိုင်ငံသားစိစစ်ရေးကတ်(အခမဲ့) ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးနေမှုအား မိုင်းဖြတ်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး၊ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာကြည်နှင့် တာဝန်ရှိ ဆရာ၊ ဆရာမများက လိုအပ်သည့် စာရွက်စာတမ်းများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) မြို့နယ်(ပြန်/ဆက်)**

# ပြည့်စုံကြွယ်ဝ လိုတရနှင့် ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်

အောင်နိုင်မှုတကာ၏ အောင်နိုင်မှုတွင် မိမိစိတ်ကိုအောင်နိုင်ရန် လွန်စွာမှ ခက်ခဲပေသည်။ စိတ်ဟူသည် လွန်စွာနှိမ်နင်းရန်ခက်ခဲ၍ လွန်စွာလျှပ်ပေါ်လော်လည်ပြီး အတော်ကို ခုန်ပေါက်ပြေးလွှားတတ်သည်။ ကိုယ်လိုချင်သလိုထား၍ မရ သွားချင်ရာသွား၊ ဆော့ချင်သလိုဆော့ မြူတတ်သောစိတ်ရူးကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးပေသည်။

လူများစွာထဲတွင် မိမိစိတ်ကို မထိန်းသိမ်းနိုင်သူရှိသလို မိမိစိတ်ကို ယဉ်ကျေးအောင် ထိန်းချုပ်နိုင်သူများလည်း ရှိပေသည်။ မိမိစိတ်ကို မိမိ မထိန်းသိမ်းနိုင်သူများမှာ အလိုဆန္ဒများကို အပြည့်အဝမရဘဲ ပင်ပန်းဆင်းရဲကာ သူတစ်ပါး၏နောက်လိုက် ဖြစ်ကြရသည်။

မိမိစိတ်ကိုမိမိ ကောင်းစွာတွေးနိုင်သူကား မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်ပြီး စိတ်ကို ဖြူစင်အောင် အမြဲလေ့ကျင့်ထားသဖြင့် လိုချင်၊ ရချင်သည်တို့ကို အလွယ်တကူရရှိအောင်မြင်သူဖြစ်ပြီး လူအများ၏ ယုံကြည်အားကိုးမှုကိုလည်း ရစေနိုင်သူ ဖြစ်သည်။

(၂၂-၁၂-၂၀၂၄)ရက်က ရဟန်းစာဆို ဒေါက်တာဓမ္မရက္ခိတ M.A(Psy.), M.D(M.A), D.Sc(H.C), Ph.D(Hon.) ၏ 'ပြည့်စုံကြွယ်ဝ လိုတရနှင့် ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်'စာအုပ် မိတ်ဆက်ပွဲ၊ စာအုပ်ဓမ္မဒါနပြုအခမ်းအနားကို ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ အေးချမ်းသာယာရပ်ကွက်၊ မေတ္တာစေတော ဝိမုတ္တိ ဝိပဿနာစခန်း၊ ဓမ္မရက္ခိတရာမကျောင်းတိုက်၌ကျင်းပရာ မန္တလေးမြို့၊ နန်းတော်ရှေ့စာပေတင်းကုပ်မှ စာပေပညာရှင် ဝိုင်းတော်သူ၊ ဝိုင်းတော်သားများ၊ ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းမှ အဖွဲ့ဝင်များ၊ အမရပူရမြို့နယ် စာရေးဆရာအသင်းမှ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့်အတူ စာရေးသူမှလည်း အခမ်းအနားမှူးအဖြစ် ကုသိုလ်ပြု ပါရမီဖြည့်ခဲ့ရပါသည်။

စာအုပ်မှာ James Allen ၏ Thinketh... ကို ဆရာတော်မှ မြန်မာဘာသာသို့ ဆီလျော်အောင် ပြန်ဆိုရေးသားထားသော စာအုပ်ဖြစ်သည်။

စာအုပ်၏မာတိကာတွင် ခေါင်းစဉ်ရှစ်ခုဖြင့်ဖော်ပြထားရာ (၁) အတွေးနှင့် အကျင့်စာရိတ္တ၊ (၂) အခြေအနေအကြောင်းခြင်းရာ အရပ်ရပ်အပေါ် အတွေး၏လွှမ်းမိုးသက်ရောက်မှု၊ (၃) စိတ်ဓာတ်၊ (၄) ကျန်းမာရေးနှင့် ခန္ဓာကိုယ်အပေါ် အတွေး၏သက်ရောက်မှု၊ (၅) အတွေးနှင့်ဘဝရည်မှန်းချက်၊ (၆) အတွေးနှင့်စွမ်းဆောင် အောင်မြင်မှု၊ ဘဝအောင်မြင်မှုအတွက် အတွေး၏အခန်းကဏ္ဍ၊ (၇) ဘဝရည်မှန်းချက်နှင့် ရည်သန်စံထားချက်များ၊ (၈) နှလုံးစိတ်ဝမ်းအေးချမ်းခြင်း(အငြိမ်းဓာတ်)တို့ ပါဝင်ပါသည်။

ထိုခေါင်းစဉ်ပါ (၈)ခု၏ အကျိုးအကောင်းကို ရစေရန်အတွက် ရက်(၉၀)၊ (၃)လ ကျင့်စဉ်ကို ဖော်ပြထားပြီး စာအုပ်ကို ဖတ်သူ၊ မှတ်သူ၊ လေ့လာသူ၊ လေ့ကျင့်သူတိုင်းအတွက် စိတ်ကို အောင်နိုင်သူဖြစ်စေပြီးနောက် 'အောင်ပြီ ... အောင်ပြီ... အောင်ပြီ'ဟု စကြဝဠာသို့ တိုင်အောင် ကြွေးကြော်နိုင်ကြမည် ဖြစ်သည်။

အပဟိ တိရစ္ဆာန်ဆန်ဆန် စိတ်ကူးအတွေးရှိသူတို့အတွက် ဘဝနှံချာဆင်းရဲရခြင်းမှာ ကံကြမ္မာနိမ့်ပါးခြင်းကြောင့်မဟုတ် ယုတ်ညံ့သောစိတ်ကူး၊ အကြံအစည်တို့ကို ကာလရှည်စွာပွားများမွေးမြူခဲ့သောကြောင့်သာ ဖြစ်သည်။ ထို့အတူ အောင်မြင်ကြီးပွားပြီး အများ၏ လေးစားခြင်းခံရသူမှာလည်း ကံကြိုက်တိုက်ဆိုင်မှု သက်သက်ဖြင့် ဖြစ်လာခြင်းမဟုတ် ကောင်းမွန်သန့်စင်သော စိတ်ကူး၊ အကြံအစည်တို့ကို အစဉ်ပွားများခြင်းကြောင့် ဖြစ်သည်။

အောင်မြင်၊ ကြီးပွားပြီး အများ၏လေးစားခြင်းခံရသူအတွက် အစဉ်ကျန်းမာနေရန်လည်း ဂရုစိုက်ရပေမည်။ အကျင့်စာရိတ္တကောင်းကို မွေးမြူပြီး ပညာရှိတို့၏ အဆုံးအမကိုနာယူရန်နှင့် စာပေဗဟုသုတဖတ်ရှုရန်လည်း လိုသည်။ စိတ်ထားဖြူစင်၊ အပြောမှန်ကန်၍ ကိုယ်ကျင့်သီလပြည့်စုံကာ ဖွဲ့ကောင်းရန်တို့ကို သတိပြုနေသင့်သည်။

လူတစ်ယောက်၏ ကောင်းကျိုး၊ ဆိုးကျိုးကို ထိုလူ၏ အကျင့်စရိုက်နှင့် စိတ်ကူးအတွေးများက ဖော်ဆောင်ဖန်တီး၏ အစေ့မရှိလျှင် အပင်မရှိ၊ အစေ့ရှိမှသာ အပင်ကိုပေါက်စေနိုင်သကဲ့သို့ လူတို့၏ မွေးဇာတိပါစရိုက်ကို လေ့လာကြည့်သောအခါ မိမိအကျိုး၊ အများအကျိုးကို ဆောင်ရွက်လိုသော မွေးဇာတိရှိသည့် လူပီသသူ လူစားမျိုးရှိသလို မိမိအကျိုးကို အလေးမထား အများကောင်းကျိုးကိုသာ လုပ်လိုသောစိတ်ရှိသူများကိုလည်း တွေ့ရတတ်သည်။






တချို့မှာ မိမိအကျိုးကိုသာလုပ်ပြီး သူများကောင်းကျိုးမလုပ်လိုသော တစ်ကိုယ်ကောင်းဆန်သူမျိုးရှိတတ်သလို မိမိအကျိုးကိုလည်းမလုပ်၊ သူများအကျိုးကိုလည်းမလုပ်သည့် မိုက်မဲသူမျိုးကိုလည်း တွေ့ရမည်ဖြစ်သည်။ ထိုသူမျိုးမှာ ခြေသလုံးအိမ်တိုင်ဘဝဖြင့် သောက်စား၊ မူးယစ်၊ ခိုးဆိုး၊ လုယက်ကာ ထောင်ကျတတ်သူဖြစ်သည့်အတွက် ဘဝမှာအောင်မြင်မှုမရနိုင်သလို ပြည့်စုံကြွယ်ဝ လိုတရနိုင်သူ မဖြစ်နိုင်တော့။

လူပီသသူ၊ အောင်မြင်သူနှင့် ကျရှုံးသူ၊ မိုက်မဲသူ ဟူ၍ ဖြစ်စေခြင်းမှာ မိမိစိတ်အာရုံ၌ ကောင်းသောအတွေး၊ မကောင်းသောအတွေးတို့ကြောင့် ဖြစ်သည့်အတွက် မကောင်းသောအတွေးများကို တားဆီး၊ ပယ်ဖျောက်ပြီး လူပီသသူ၊ အောင်မြင်သူ ဖြစ်စေရန်အတွက် ကောင်းသောအတွေးစိတ်များကိုသာ မွေးမြူသင့်သည်။

လူတို့သည် မိမိအလိုရှိရာမှန်သမျှကို ရပါစေကြောင်း ဆုတောင်းတတ်ကြ၏။ သို့သော်... အလိုရှိတိုင်း၊ ဆုတောင်းတိုင်းရသည်မဟုတ်။ သူနှင့်သင့်ရာ၊ တန်ရာကိုသာ ရကြကုန်၏။ သူ့လိုအင်ဆန္ဒ၊ သူ့ဆုတောင်းများနှင့် သူ့အတွေး၊ သူ့အပြုအမူတို့ ညီညွတ်မျှတသည့်အခါမှသာလျှင် အလိုရှိရာကို ရမည်ဖြစ်သည်။ ထိုအခါမှသာ ဆုတောင်းတိုင်းပြည့်မည် ဖြစ်သည်။

လှပတင့်တယ်သော အနာဂတ်မြင်ကွင်းကို စိတ်ကူးအာရုံ၌ ပိုက်ထွေးမွေးမြူထားသူ၊ မိမိအသည်းနှလုံးထဲ၌ ကြီးကျယ်မြင့်မားသော စံထားချက်တစ်ရပ်ကို ရည်သန်မျှော်မှန်းလျက်ရှိသူသည် တစ်နေ့သောအခါ သူ့အာရုံ၊ သူ့စံထားချက် အားလုံးပြည့်စုံမည်ဖြစ်ကြောင်း 'ပြည့်စုံကြွယ်ဝ လိုတရ' စာအုပ်မှ အလင်းပေးသည့်အတွက် စိတ်အင်အားများ တိုးစေရပါသည်။

'ပြည့်စုံကြွယ်ဝ လိုတရ' စာအုပ်နှင့်အတူ 'ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်'စာအုပ်တွင်လည်း ဝိပဿနာရှုသော ယောဂီများအတွက် ရုပ်နာမ်တို့ဖြစ်ခြင်း၊ ပျက်ခြင်းကို သိမြင်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ်မည်၏။(ဥဒယဗ္ဗယ = ဥဒယ + ဝယ၊ ဥဒယ - ဖြစ်ခြင်း + ဝယ = ပျက်ခြင်း) ဟုသိရသည်။

သမ္မသနဉာဏ်အစပိုင်း၌ ဝိပဿနာ စတင်အားထုတ်ခါစဖြစ်၍ ဉာဏ်နုသေးသည်။ ဉာဏ်နုစဉ်ကာလ၌ ရုပ်တရား၊ နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ပိုင်ပိုင်နိုင်နိုင် မသိသေး ရုံခါနိစ္စ၊ သုခ၊ အတ္တဟု ထင်မှတ်၍ ထိုရုပ်နာမ်တို့ကို လိုချင်တပ်မက်မှုဖြစ်နိုင်သေးသည်ကို သိရသလို သမ္မသနဉာဏ် ရင့်ကျက်ပြည့်စုံလာသောအခါ၌မူ အထူးကြောင့်ကြမစိုက်ရဘဲ မိမိရှုမှတ်နေသော ရုပ်တရား၊ နာမ်တရားတို့ကို မမြဲ၊ ဆင်းရဲ၊ ငါ မဟုတ်ဟု ပိုင်ပိုင်နိုင်နိုင် သဘောကျလာတတ်ကြောင်းတို့ကို သိမှတ်ရပါသည်။

ဆရာတော်ကြီး၏ ကိုယ်တွေ့ ဝိပဿနာမှတ်တမ်းများတွင်... ရှေးဦးစွာ ရှူရှိုက် စ-လယ်-ဆုံး အသားကုန် အားထုတ်သည်။ အားထုတ်ရင်း မိမိခန္ဓာကိုယ်တစ်ခုလုံး ပေါ်လာသည်။ ခန္ဓာကိုယ်တစ်ခုလုံး အပ်ဖျားချစရာ နေရာမရှိ 'ဝေဒနာ'ပေါ်သည်။ ၎င်းဝေဒနာများ 'တံလျှပ်လေးတွေလို' တဖျပ်ဖျပ်ပေါ် ပျောက်ပျောက်ကုန်သည်။ မရပ်မနားပေါ်တာကို မရပ်မနား ရှုသိနေပါသည်။ ခန္ဓာကိုယ်တစ်ခုလုံး ရစရာမရှိအောင် ရေပွက်တွေလို၊ ဒယ်အိုးထဲက ဆီပွက်တွေလို မရပ်မနား တရစပ်ပေါ်နေသည်။ ခန္ဓာကိုယ်တစ်ခုလုံး ဖောက်မြင်နေရသည်။ အကြည်ဓာတ်ကြီး ပေါ်နေသည်... စသည် ရှုပွားနေစဉ် အံ့သြဖွယ်ရာ ဆရာတော်၏ ကိုယ်တွေ့ ဖြစ်ရပ်ထူးများကိုလည်း ကြည်ညိုစွာ ဖတ်ရှုရပါသည်။

'ပြည့်စုံကြွယ်ဝ လိုတရနှင့် ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်' စာအုပ်မိတ်ဆက်ပွဲနှင့် စာအုပ်ဓမ္မဒါနပြုခြင်း၏ ဆရာတော်ထားရှိသော ရည်ရွယ်ချက်နှင့် စေတနာမှာ စာအုပ်ဖတ်ရှုရသူတိုင်းအတွက် လောကီ၊ လောကုတ္တရာ ချမ်းသာနှစ်မျိုးစလုံး ရစေလိုခြင်းဖြစ်သည့်အတွက် မေတ္တာစေတော ဝိမုတ္တိကျောင်းတိုက် ဒေါက်တာဓမ္မရက္ခိတ ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ဤဆောင်းပါးဖြင့် ရိုသေလေးမြတ်စွာ ချီးကျူးပူဇော် ကန်တော့လိုက်ရပါသည်။

စိုးဝင်း(ဆသရ)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဇေယျာသီရိ ဇန်နဝါရီ ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက နန်းသြကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကျောင်းသားလူငယ်များ အသိပညာဗဟုသုတများ တိုးတက်စေရန် ဗလငါးတန်နှင့်ပြည့်စုံ၍ ဗဟုသုတများ ရရှိစေရန် ယခုလိုဟောပြောပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာကြည့်တိုက်များ အသုံးပြုတတ်စေရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့ကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေးနှင့် စာပေ၏ အကျိုးကျေးဇူးများ အကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။


အဆိုပါ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များအား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ
စုံလင်

# ကဘော်မြေမောင်မောင်၏ ပြန်လည်ရုန်းထရှင်သန်ခြင်း ထွက်ရှိ




**မန္တလေး ဇန်နဝါရီ ၂၂**

ဘာသာပြန် - စာရေးဆရာ ကဘော်မြေမောင်မောင်၏ "ပြန်လည်ရုန်းထရှင်သန်ခြင်း" စာအုပ် မိုးနှင့်မြေစာပေမှ ပထမအကြိမ်အဖြစ် ဇန်နဝါရီ ၂၀၂၅ တွင် ထွက်ရှိလာသည်။ အဆိုပါစာအုပ်သည် ဟားဗတ်စီးပွားရေးသုံးသပ်ချက်မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သည့် ပြန်လည်ရှင်သန်ခြင်းဆိုင်ရာ ဆောင်းပါးများကို စုစည်း၍ Harvard Business Publishing က ထုတ်ဝေသည့် Resilience Emotional Intelligence စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

စာအုပ်တွင် ဘာသာပြန်သူ၏ အမှာစာနှင့်အတူ ဆောင်းပါး ၆ ပုဒ် စုစည်းထားပြီး ခံနိုင်ရည်ရှိခြင်းလုပ်ဆောင်ပုံ(By Diance Coutu)၊ ကျွန်ုပ်တို့အားလုံးရှိရမည့် ခံနိုင်ရည်အားအင်(By Daniel Goleman)၊ သင်၏ခံနိုင်ရည်ကို အကဲဖြတ်ရန် စီမံခန့်ခွဲရန်နှင့် အားကောင်းလာစေရန် နည်းလမ်းများ(By Devid Copans)၊ ဝေဖန်မှုများကို သင့်တိုးတက်ရေးလမ်းညွှန်ချက်အဖြစ် ခံယူပါ(By Sheila Heen and Douglas Stone)၊ ပြန်လည်တုံ့ပြန်ခြင်း၊ အလုပ်အကိုင်ကပ်ဘေးကြုံတွေ့ရပြီးနောက် ခေါင်းဆောင်ကောင်းများ မည်သို့ပြန်လည်ရှင်သန်လာပုံ(By Jeffrey A Sonnenfele and Andrew J. Ward)၊ ခံနိုင်ရည်ရှိခြင်းသည် သင်အဘယ်မျှ တောင့်ခံထားနိုင်ခြင်းအကြောင်းမဟုတ်၊ သင့်ကိုယ်သင်မည်ကဲ့သို့ ပြန်လည်အားအင်ပြည့်ဖြိုးစေခြင်းနှင့်သာ သက်ဆိုင်သည်(By Shawn Achor and Michelle Gie- lan)ဆောင်းပါးတို့ဖြစ်သည်။

"ပြန်လည်ရုန်းထရှင်သန်ခြင်း"သည် ရွေးချယ်မှုတစ်ခုဖြစ်သည်။ အခက်အခဲများကို အောင်မြင်မှုအဖြစ်သို့ ပြုပြင်ပြောင်းလဲလိုသော အိပ်မက်တစ်ခုကို ရွေးချယ်ခြင်းဖြစ်သည်။ ပြန်လည်ရှင်သန်ရေးလက်တွေ့ဖော်ဆောင်ရန် လိုအပ်သည့် မွေးရာပါ အရည်အချင်း(သို့မဟုတ်)ကိုယ်တိုင်လေ့ကျင့်တည်ဆောက်ထားသော ခံနိုင်ရည်ရှိခြင်းဆိုင်ရာ အရည်အချင်းတစ်ရပ်လည်း ဖြစ်၏။ ကြုံတွေ့ရသည့် အခက်အခဲများ၊ စိတ်ဖိစီးမှုများနှင့် စိန်ခေါ်မှုများကို ကျွန်ုပ်တို့ မည်သို့ခံယူသဘောထားပုံနှင့်ပြန်လည်တုံ့ပြန်တတ်ပုံ အလေ့အထများကို စမ်းသပ်မှုတစ်ခုလည်းဖြစ်သည်"ဟု ဘာသာပြန်သူဆရာ ကဘော်မြေမောင်မောင်က ဖွင့်ဆိုထားသည်။

ဘဝအောင်မြင်ရေးအတွက် လက်စွဲဖတ်ရှုရည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို၊ နဂါး၊ ထွန်းဦး၊ အင်းဝ၊ ညီစာအုပ်အရောင်းဆိုင်များတွင် ငွေကျပ် ၈၀၀၀ ဖြင့် ဝယ်ယူအားပေးဖတ်ရှုနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

PNT

နှင်းပန်း
\- - - - - - - - - - - -
* ရန့်တွယ်
နတယ် နတယ် ဝေအဆင်း
မပွင့်တပွင့် သင်း ။
မပြန့်လွယ်
ထုထည် ထုထည် ငွေယမင်း
မလွင့်တလွင့် နှင်း ။
* ရာသီခွင်
တွယ်ငင် တွယ်ငင် တစ်ကြိမ်မွေ့
ချမ်းမြေ့စေရ လေ့ ။
ကြာပြီထင်
ဖယ်ချင် ဖယ်ချင် အချိန်ရွှေ့
လွမ်းငွေ့တွေက ဝေ့ ။
* ပန်းဝတ်ငုံ
ထုံထုံ ထုံထုံ ဝေ့လည်ရင်း
ဘယ်ရောက်ခဲ့ လေညင်း ။
လွမ်းဆွတ်ကြုံ
သုန်သုန် သုန်သုန် နေ့လယ်ခင်း
ကွယ်ပျောက်တဲ့ ဝေနင်း ။ ။
ကဗျာဇော်ဝင်း(မဉ္ဇူမ)



# အငြိမ်းစားဝန်ထမ်းပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ၂၄ လမ်းနှင့် ၈၃ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ်(၂)တွင် ဇန်နဝါရီလအတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများ ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းမှ စတင်ထုတ်ပေးလျက်ရှိသည်။

ပင်စင်ထုတ် ပင်စင်စားများ အဆင်ပြေပြေ စိတ်ချမ်းမြေ့စွာ ထုတ်နိုင်ရေး အမိုးများ ထိုင်ခုံများ စီစဉ်ပေးထားသည်။ ထို့ပြင် အချိန်ကြာမြင့်စွာ မစောင့်ဆိုင်းရအောင် မိမိထုတ်ယူရမည့်နေ့ရက်အလိုက် တုံကင်များ ကြိုတင်ထုတ်ပေးထားသည်ဟု သိရသည်။

ထို့ပြင် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို E -Pension ကတ်ဖြင့် မြန်မာ့စီးပွားရေးဘဏ် ၁ - ၂ - ၃· အပါအဝင် Centralized e -pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲများတွင်လည်း သွားရောက်ထုတ်ယူနိုင်သည်ဟု သိရသည်။

(၀၅၀)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။

# စာဖတ်ရှိန်မြှင့်တင်ရေး ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ယနေ့မွန်းလွဲပိုင်းက ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် ပြိုင်ပွဲများကို ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲများကို ကျင်းပပေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာတွင်သာမက အဖက်ဖက်တွင် ထူးချွန်သော ကလေးများဖြစ်လာစေရန် ရည်ရွယ်၍ မူလတန်းအဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၃၀ဦးတို့က စိတ်ဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသုနိုးမြေ)



## သတင်းပဒေသာ

### ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အခြေခံပညာမူလတန်းလွန်ကျောင်း(ဝမ်ဖွီး)တွင် ကျင်းပခဲ့သည်။ ထို့နောက် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ၊ ပညာရည်ချွန်ဆုရရှိသူများ၊ ကာယ၊ ဉာဏ ထူးချွန်ဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများမှ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများမှ ပဒေသာအကများဖြင့် စည်ကားသိုက်မြိုက်စွာ ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် အ·ထ·က မိုင်းတုံတွင် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ယမန်နေ့ နံနက်ပိုင်းက အ·ထ·က မိုင်းတုံ စာသင်ကျောင်းခန်း၌ စာကျက်ဝိုင်းများဆောင်ရွက်၍ အနီးကပ်ကြီးကြပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ဦးလွင်မိုး၊ ကျောင်းအကျိုးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးဆောင်အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူမိဘပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေရန်နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မိုင်းခုတ်မြို့ရှိ အခြေခံပညာမူလတန်းကျောင်း(ဝမ်ကတ်)သို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုစေရေး စာကြည့်တိုက်သို့ ဝင်၊ ထွက်လာရေး၊ စာပေများကို စိတ်ပါဝင်စားမှုများရှိလာစေရန်အတွက် ပုံပြင်များဖတ်ပြခြင်း၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းအကြောင်းနှင့် ယနေ့လူငယ်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အမွေကို ဆက်လက်ခံယူသင့်ကြောင်း စသည်တို့ကို ပြောကြားပေးခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပုံပြင်နှင့်ကဗျာများ၊ အခြားအသိပညာပေး စာအုပ်များ ပြသခြင်း၊ နယ်လှည့်စာကြည့်တိုက်ကွင်းဆင်းဆောင်ရွက်ပေးကာ လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များကို ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်လျက်ရှိ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေဖြင့် ဆောက်လုပ်ခဲ့သည့် စာကြည့်တိုက်အဆောက်အအုံသစ်တည်ဆောက်လျက်ရှိရာ ၆၅ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီးပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာစာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ငွေ သိန်း ၁၅၀ ဖြင့် အလျား ပေ၂၀ ၊ အနံ ၂၁ ပေ၊ တစ်ထပ်အဆောက်အအုံ သစ်တည်ဆောက်ခြင်းဖြစ်ကြောင်းနှင့် ဒေသခံဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး ဇန်နဝါရီ ၂၂**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောသလ(ဓမ္မာစရိယ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အလှူရှင်ဖြစ်သော မန္တလေး၊ တမ္ပဝတီကြေးသွန်းရပ်နေ ကြေးကုန်သည် ဦးမြင့်ဦးက မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၃၀ ဖြည့်စွက်လှူဒါန်း ငွေကျပ် ဆယ်သိန်း စုစုပေါင်း ငွေကျပ် သိန်း ၄၀ ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ ဆရာတော်၊ သံဃာတော်တို့အား တစ်ပါးချင်းစီ နဝကမ္မအလှူငွေများ လောင်းလှူခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၃၆)**

## စည်ပင်ဝန်ထမ်းမိသားစုများ ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် (ဆွမ်းနှင့်ဆွမ်းဟင်း)အလှူရှင်ဦးကျော်လင်းငြိမ်း+ဒေါ်သီတာစိုး သမီး မအေးချမ်းမိုးမိုး မိသားစုတို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းက (၁၁၄)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ဝက်သားနီချက်၊ ပဲတီချဉ်သုပ်၊ ငါးကြင်းခြစ်ချက်တို့ကို ၃၆လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူ ကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေး၊ ၃၂ လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြားနေ ဦးရန်နိုင်+ ဒေါ်နန်းအေးရီ(မွေးနေ့အထိမ်းအမှတ်)အတွက် နှစ်စဉ် ဆွမ်း၊ ဆေးပဒေသာပင်အလှူငွေကျပ် တစ်ဆယ့်ငါးသိန်းကို လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင်ဦးဝင်းမြင့်တို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။** **(ကဆ)**



မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့် လှူဒါန်း။

## တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေးကျောင်းရှိ ကလေးများအား နေ့လယ်စာကျွေးမွေး လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၂၂**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာ တိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်ရှိ မိဘမဲ့ တိုင်းရင်းသား ကလေးငယ်များအား အလှူရှင် ပုဂံမြို့၊ မြင်းမူရပ်နေ ဦးမြင့်ဝေ+ဒေါ်ရွှေကြည်၊ (သား)မောင်မင်းဦး (၂၅)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ယမန်နေ့က နေ့လယ်စာ အာဟာရထမင်းဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခြင်းအတွက် ကျောင်းတိုက် ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ သုမင်္ဂလ (ဓမ္မာစရိယ B.A)ဆရာတော်က ရေစက်ချတရား ဟောကြားချီးမြှင့်ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**



အဆိုပါ ကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါန ကျွေးမွေးလှူဒါန်းလိုပါက နံနက်စာအတွက် ငွေကျပ်သုံးသိန်း၊ နေ့လယ်စာအတွက် ငွေကျပ်သုံးသိန်း ငါးသောင်းနှုန်း၊ ညနေစာအတွက် ငွေကျပ်သုံးသိန်းနှုန်းဖြင့် လည်းကောင်း၊ ရာသက်ပန် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါကလည်းကောင်း၊ အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါကလည်းကောင်း ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄၊ ၀၉-၇၇၂၈ ၃၂၄၅၆ တို့နှင့်သာ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသတွင်မှ အလှူခံစေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**

# ငွေကို ဘယ်လိုသုံးမလဲ၊ ဘယ်လိုစုမလဲ

ဆလိုင်းဒေါင်းနွယ်ထွန်း



### ငွေ စုပါ၊ သုံးပါ

ဒီနေ့လူငယ်တွေရဲ့ လက်သုံးစကားကတော့ 'ပိုက်ဆံမရှိဘူး' ဆိုတာပဲ ဖြစ်ပါတယ်။ လူငယ်တွေ အလုပ် လုပ်ကြတယ်။ လစာတွေ ရကြတယ်။ ဒါပေမဲ့ လက်ထဲ ဘာငွေမှ မကျန်ခဲ့ဘူး စသဖြင့် ဒါတွေဟာ လူငယ်တိုင်း ကြုံတွေ့နေရတဲ့ အရာတစ်ခုလိုကို ဖြစ်နေကြပါတယ်။ ဒါကလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဝင်ငွေ၊ ထွက်ငွေ မမျှတမှု ဖြစ်ပေါ်လာတဲ့အခါမျိုးမှာတော့ ငွေဟာ မစုမိတာမျိုး ဖြစ်လာတော့ပါတယ်။ ငွေမစုမိတဲ့အခါ အရေးရယ်၊ အကြောင်းရယ် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စတစ်ခုခု ကြုံတွေ့လာတဲ့အခါမျိုးမှာ ထုတ်သုံးစရာ မကျန်တော့တာမျိုးအထိ ဖြစ်လာတဲ့အခါ ကြိုးစားနေဆဲလူငယ်တွေအတွက် စိတ်အားငယ်စရာတစ်ခု ဖြစ်လာတာမျိုး ဖြစ်နိုင်ပါတယ်။ ငါကြိုးစားနေတာပဲ၊ ငါအလုပ်လုပ်နေတာပဲ ဘာလို့သူများသုံးသလို မသုံးနိုင်ရတာလဲ စသဖြင့် တွေးခေါ်လာနိုင်ပါတော့တယ်။ ဒါဆိုရင် ငွေကြေးစီမံခန့်ခွဲတတ်လာနိုင်ဖို့အတွက် စာရေးသူကိုယ်တိုင် ကျင့်သုံးခဲ့တဲ့နည်းလမ်းလေးတွေနဲ့ အကြံပြုပေးပါရစေ။

### လိုချင်တာနဲ့ လိုအပ်တာ

လူငယ်တွေရဲ့ အဓိကဖြစ်တဲ့ပြဿနာကတော့ need နဲ့ want ကို မကွဲပြားတာဘဲ ဖြစ်ပါတယ်။ ကိုယ်က ဒီအရာကို လိုချင်တာလား ဒီအရာကို လိုအပ်တာလားဆိုတာကို ကွဲပြားဖို့လည်း လိုအပ်ပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး စာရေးသူရဲ့ အဖြစ်အပျက်နဲ့တွဲပြီး ကွဲပြားအောင် လမ်းညွှန်ပေးချင်ပါတယ်။ စာရေးသူ တက္ကသိုလ်တက်ရောက်တဲ့အခါ စက်ဘီးနဲ့ သွားပါတယ်။ သူငယ်ချင်းအများစု ကားတွေ၊ ဆိုင်ကယ်တွေနဲ့ ကျောင်းတက်ရောက်နေချိန်မှာ နေ့စဉ် ၄၅ မိနစ်အချိန်ပေးပြီး စက်ဘီးနဲ့ပဲ ရောက်အောင်သွားပါတယ်။ နေ့တိုင်းသွားတဲ့အခါ အော် ငါစက်ဘီးနဲ့လည်း ကျောင်းရောက်တာပဲဟဆိုတဲ့ အတွေးလည်းဝင်လာပါတယ်။ စာရေးသူတစ်ယောက်ဖြစ်တာကြောင့် ဆိုင်ကယ်ဝယ်ရမယ့် ငွေအစား ကွန်ပျူတာတစ်လုံးကိုပဲ ဝယ်ဖို့ကြိုးစားခဲ့ပါတယ်။ စက်ဘီးသာမရှိရင်တော့ ဆိုင်ကယ်ဝယ်ဖို့ စဉ်းစားခဲ့မိမှာပါ။ စက်ဘီးနဲ့ ကျောင်းလည်း ရောက်တယ်။ နင်းလည်းနင်းနိုင်တဲ့အခါမှာတော့ ဆိုင်ကယ်က မရှိလည်း ရသေးတဲ့အခြေအနေ ဖြစ်သွားပါတယ်။ ဆိုင်ကယ်ကတော့ လိုချင်မှု(want) ဖြစ်ပြီးတော့ ကွန်ပျူတာကတော့ လိုအပ်မှု (need) ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ကတော့ ကိုယ်ပိုင်လှုပ်ရှားသွားလာမှုတစ်ခုဖြစ်လာတဲ့အတွက် သွေးတွင်းသကြားဓာတ်ပမာဏကို မျှတအောင် ထိန်းသိမ်းလာနိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ ဆိုင်ကယ်ဆီဖြည့်ရမယ့် ကုန်ကျစရိတ်ကို နေ့ခင်းစာအတွက် သုံးစွဲလိုက်တဲ့အခါ ကုန်ကျငွေကို သိသိသာသာ လျှော့ချနိုင်လိုက်ပြီး ငွေလည်း အနည်းငယ် ပိုလာခဲ့ပါတယ်။ ဒါဟာ လိုချင်တာနဲ့ လိုအပ်တာရဲ့ ကွဲပြားမှုဖြစ်ပါတယ်။ ကွဲပြားမှုရဲ့ အကျိုးဆက်ကိုလည်း သေချာပေါက် သိသာ၊ မြင်သာလာမှာ ဖြစ်ပါတယ်။ လူငယ်အများစုလည်း ဒီနည်းလမ်းကို ကျင့်သုံးကြည့်ဖို့လည်း အကြံပေးချင်ပါတယ်။

### ငွေကြိုဖယ်ထားခြင်း

ဒါကတော့ ငွေစုတာနဲ့ ဆင်ပါတယ်။ ဒါပေမဲ့ ငွေစုတာမဟုတ်ဘဲ ငွေကို ကြိုဖယ်ထားတာမျိုး ဖြစ်ပါတယ်။ ကိုယ့်မှာ သေချာပေါက်ကို သုံးစရာကိစ္စက ရှိနေတယ်။ အဲဒီအတွက်ကို ငွေမဖယ်ထားလိုက်ဘူးဆိုရင် တစ် ချိန်ချိန်မှာ အရေးပေါ်အသုံးစရိတ် လိုအပ်လာတာမျိုး ဖြစ်လာနိုင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့် တပည့်မတစ်ယောက် ကြုံခဲ့ရတဲ့ကိစ္စတစ်ခုလည်း ရှိပါတယ်။ သူက အဝေးသင်ယူရင်း အလုပ် လုပ်တဲ့ ကျောင်းသူတစ်ယောက်ပါ။ တစ်လတစ်လ လစာရလာတဲ့အခါ မိဘကို တစ်ဝက်အပ်ပြီး ကျန်တာကိုတော့ သူသုံးလေ့ရှိပါတယ်။ ပြဿနာက ဘယ်မှာစလာလဲဆိုတော့ အဝေးသင်အပ်ရမယ့် အချိန်ရောက်လာတဲ့အခါမှာတော့ ကျောင်းအပ်စရာ ငွေမရှိတော့ခြင်း ဖြစ်ပါတယ်။ မိဘက ရှိသူမို့တော်သေးပေမယ့် သူ့နေရာမှာ တခြားသူသာဆိုရင်တော့ ဒုက္ခရောက်နိုင်ပါတယ်။ ကိုယ်က အဝေးသင်ကျောင်းသား၊ ကျောင်းသူတစ်ယောက်ဆိုရင် ဒီအတွက် ငွေကို ကြိုဖယ်ထားရမှာကို ဖြစ်ပါတယ်။ ဒါဟာ ပညာရေးအသုံးစရိတ်တစ်မျိုးပါ။ ဒီအတွက် အလုပ် လုပ်နေတာဖြစ်တဲ့အတွက် အဝေးသင်မှာ ကြုံတွေ့လာရမယ့် စာအုပ်ဖိုး၊ ကျောင်းအပ်ခ၊ ကျူရှင်ခတွေအတွက် ကြိုကိုဖယ်ထားပေးရမှာ ဖြစ်ပါတယ်။ ဒီလိုကိစ္စအတွက်ကိုတော့ ငွေစုတာမဟုတ်ဘဲ ငွေကြိုဖယ်ထားခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ နောက်ထပ် နည်းလမ်းလေးတစ်ခုအဖြစ် စာရေးသူက ညွှန်းပေးလိုက်ပါတယ်။ ဒါကြောင့် ကိုယ့်မှာ သေချာပေါက်သုံးကို သုံးရမယ့် ကိစ္စတစ်ခုရှိမယ်ဆိုရင် လစာရတာနဲ့ ၁၀ ရာခိုင်နှုန်းကို ဖယ်ထားဖို့ အကြံပေးလိုက်ပါတယ်။

### ကပ်စေးနဲ့သူ မဖြစ်ပါစေနဲ့

ငွေကို စုပါ၊ ငွေကို ချွေတာသုံးပါ ဆိုတဲ့ စကားတွေနဲ့မတူတာ ဆန့်ကျင်ဘက် သက်ရောက်တာ။ နောက်တစ်ခုကတော့ ကပ်စေးနဲတာ ဖြစ်ပါတယ်။ ကပ်စေးနဲခြင်းဟာ ငွေချွေတာခြင်းဖြစ်တယ်ဆိုပြီး ခံယူထားတဲ့ လူတွေလည်း လူနည်းစုရှိကြပါတယ်။ သူတို့ကိုယ်တိုင် ချွေတာနေတယ်လို့ ထင်ကြပေမယ့်လည်း တကယ်မှာတော့ ချွေတာနေတာမျိုးမဟုတ်ဘဲ ကပ်စေးနဲနေတာမျိုး ဖြစ်ပါတယ်။ ဥပမာပြရမယ်ဆိုရင် ငွေရှိရဲ့သားနဲ့ မစားမသောက်ဘဲနေတာ၊ မသုံးမစွဲဘဲနေတာမျိုး လိုအပ်နေရက်နဲ့ မသုံးစွဲတာမျိုးကတော့ ကပ်စေးနဲခြင်းတစ်မျိုး ဖြစ်ပါတယ်။ ကပ်စေးနဲခြင်းနောက်မှာ ဆိုးကျိုးတွေ လိုက်လာတယ်ဆိုတာကိုလည်း လူငယ်တွေ ဆင်ခြင်နိုင်အောင်၊ သတိပြုနိုင်အောင် ရှင်းပြပေးရမယ်ဆိုရင်တော့ အပေါင်းအသင်းတွေထဲကနေ ကွဲထွက်လာမှာမျိုး ဖြစ်ပါတယ်။ သင်ဟာ ကပ်စေးနဲသူ တစ်ယောက်ဖြစ်နေပြီဆိုရင်တော့ သင့်သူငယ်ချင်း၊ သင့်အပေါင်းအသင်းတွေကြားမှာ သင်းကွဲစဖြစ်လာမှာဖြစ်ပြီးတော့ ကိုယ်တိုင်သတိမထားမိလိုက်ခင်မှာတင် တစ်ယောက်တည်းဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကို လူငယ်တွေကြားမှာတော့ ညွှန့်တယ်လို့လည်း သုံးကြပါသေးတယ်။ ဒီစကားက တော်တော်ပြင်းတဲ့ စကားတစ်ရပ်လည်း ဖြစ်ပါတယ်။ ဒီလူက ညွှန့်စီးနေတာပဲဆိုပြီး နာမည်တစ်ခုထွက်သွားပြီဆိုရင် ဘဝတစ်လျှောက် ပြင်မရတဲ့ အမည်းစက်ဖြစ်ပြီလို့သာ နှလုံးသွင်းကြပါ။ ဒီစကားက ငွေကို ဖြုန်းခိုင်းတာမဟုတ်ဘဲ သုံးခိုင်းတာမျိုး ဖြစ်ပါတယ်။ သုံးသင့်တဲ့နေရာမှာ သုံးရပါမယ်။ မိတ်ဆွေ၊ အပေါင်းအသင်းတွေနဲ့တွေ့တဲ့အခါ စုစပ်စားတာမျိုးလုပ်ရင် ငွေမထုတ်တဲ့အကျင့်ကိုလည်း မပြုလုပ်ကြဖို့ အကြံပေးပါရစေ။

### ပညာကို ငွေနဲ့ ဝယ်ယူခြင်း

ဒီစကားက လူကြီးတွေအနေနဲ့ လက်မခံနိုင်ဖြစ်ကြမယ့် စကားတစ်ရပ်လို့ဆိုရင် လူငယ်တွေကလည်း ပြန်လည်ချေပကြမယ့်စကား ဖြစ်ပါတယ်။ အခုခေတ်မှာတော့ ပညာတစ်ခုလိုချင်ပြီဆိုရင် ငွေကို ပုံသုံးနိုင်မှလည်း တော်ကာကြမှာ ဖြစ်ပါတယ်။ ပညာကို ငွေနဲ့ဝယ်ယူရခြင်းဆိုရင်လည်း မမှားပါဘူး။ ရင်းနှီးမြှုပ်နှံမှုထဲမှာ အကောင်းဆုံး ရင်းနှီးမြှုပ်နှံမှုကတော့ ပညာရေးမှာ ရင်းနှီးမြှုပ်နှံခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်အကြံပေးချင်တာကတော့ ငွေကြေးကို ပညာရေးမှာ သုံးစွဲချင်တယ်ဆိုရင်တော့ ပထမဆုံး ညွှန်းမှာကတော့ ဘာသာစကားသင်ယူခြင်း ဖြစ်ပါတယ်။

### ဘာသာစကားလို့ဆိုတဲ့နေရာမှာ

ဘယ်ဘာသာစကားမဆို ကြိုက်နှစ်သက်ရာတစ်ခုခုကို သင်ယူထားသင့်ပါတယ်။ တစ်ချိန်ချိန်တော့ အသုံးဝင်လာမှာ ဖြစ်ပါတယ်။ အဓိကအရေးကြီးဆုံးအချက်ကတော့ သင်ယူတာကိုသာ ဆုံးခန်းတိုင်အောင် သင်ယူရမှာ ဖြစ်ပါတယ်။ ဘာသာစကားမဟုတ်ဘဲ ကိုယ်နှစ်သက်ရာ ဝါသနာတစ်ခုခုကိုလည်း သင်ယူထားသင့်ပါတယ်။ ဂီတအနုပညာ၊ အားကစား၊ ပန်းချီ အစရှိသဖြင့် ကြိုက်နှစ်သက်ရာကို သင်ယူသင့်ပါတယ်။ ဆုံးခန်းတိုင်အောင်သာ သင်ကြားပါ။ ပညာတစ်ခုခုက ကိုယ့်အတွက် အသုံးမလိုဘူးဆိုတာ မရှိပါဘူး။ ဒီနေရာမှာတော့ ဒီနေ့ခေတ်အတွက် ကံကောင်းတာတစ်ခုက အလုပ်လုပ်နေလို့ အချိန်မပေးနိုင်ပါဘူးဆိုတဲ့ သူတွေအတွက်ကတော့ လိုင်းပေါ်မှ(Zoom)ဖြင့် သင်ယူခြင်းမျိုး တွင်ကျယ်လာတာကြောင့် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ့်ငွေနဲ့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုရင်တော့ ပညာရေးမှာ ရင်းနှီးမြှုပ်နှံကြဖို့ အကြံပြုချင်ပါတယ်။

### သူသုံးသလို လိုက်သုံးမယ်

ကျွန်တော် ကျောင်းတက်ရင်း သူငယ်ချင်းတွေ Canteen (ကျောင်းတွင်းစားသောက်ဆိုင်)ထိုင်ကြတဲ့အခါ ကျွန်တော့်အနေနဲ့ သုံးနိုင်သလောက် ပမာဏကို ရွေးချယ်သုံးစွဲပါတယ်။ သူငယ်ချင်းတစ်ဖွဲ့လုံးထဲမှာတော့ ပြေလည်သူ၊ မပြေလည်သူ၊ အသင့်အတင့်သမား အစုံပါပဲ။ သူငယ်ချင်းထဲမှာ တစ်ဦးကတော့ အတော်ပြေလည်ပါတယ်။ ကျွန်တော်ရော၊ သူရော ကော်ဖီကြိုက်တာချင်းလည်း တူပါတယ်။ နေ့စဉ် ထမင်းစားတိုင်းမှာ သူက ရန်ကုန်ထမင်းပေါင်းနဲ့ နပ်ကော်ဖီသောက်တယ်။ သူတစ်ရက်သုံးစွဲငွေက နေ့လယ်စာနဲ့တင် ရှစ်ထောင်လောက် သုံးနေတာမျိုး ဖြစ်ပါတယ်။ ကျွန်တော်လည်း အဲလောက်သုံးနိုင်ရင်တောင် မသုံးပါဘူး။ ဘာကြောင့်လဲဆိုတော့ သူနဲ့ ကျွန်တော် အခြေအနေခြင်းက မတူပါဘူး။

သူ့အိမ်ကအဆင်ပြေပေမယ့် ကျွန်တော်က သူ့လောက်မပြေတာတစ်ချက်၊ နောက်တစ်ခုက ကျွန်တော့်မှာ ငွေကြိုဖယ်ခြင်းတို့၊ ပညာရေးမှာ ရင်းနှီးမြှုပ်နှံခြင်းတို့အတွက်လည်း ချန်ထားရသေးတာကြောင့်လည်း ကျွန်တော်စားတိုင်းမှာ တစ်ခါပြင် ထမင်းနဲ့ ရိုးရိုးပလိန်းကော်ဖီသာမှာယူစားခဲ့ပါတယ်။ အရသာချင်းသိပ်မကွာဘဲ ဈေးနှုန်းတစ်ဝက်လောက် လျှော့ချနိုင်တဲ့အခါ ကျွန်တော့်အတွက် ကျောင်းစာသင်နှစ် တစ်ဖြတ်ပြီးတိုင်းမှာ ငွေကွာခြားမှုကတော့ သိသာလာခဲ့ပါတယ်။ ဒါကြောင့် ဆိုလိုချင်တာကတော့ ကိုယ်သုံးနိုင်ရင်တောင် သူများသုံးသလို မသုံးမိစေဖို့ပါပဲ။ ဒီနေရာမှာ ကျန်ခဲ့တဲ့တစ်ချက်ကတော့ ကျွန်တော်လည်း အမြဲဒီလိုစားတာမျိုး မဟုတ်ဘဲ တစ်ခါတစ်ရံမှာတော့ အကောင်းဝယ်စားတာမျိုးလည်း ရှိပါတယ်။ ကိုယ့်စိတ်ကို နိုင်ဖို့ကလည်း ငွေကြေးစီမံခန့်ခွဲမှုမှာ အဓိကကျနေပြန်ပါတယ်။ ဒါဟာ စားတာ၊ သောက်တာမျိုးတင်မဟုတ်ဘဲ အဝတ်အစားအတွက် သုံးစွဲတာမျိုးနဲ့ တခြားနေရာတွေမှာလည်း အဲဒီလိုပဲ မိမိသုံးစွဲနိုင်တဲ့ အတိုင်းအတာကို ဆင်ခြင်သုံးစွဲဖို့ကို အထူးအကြံပြုပါရစေ။


### ငွေစုပါ၊ ငွေသုံးပါ

ငွေကို စုဖြစ်အောင် စုပါ။ နည်းသည်၊ များသည် မထားဘဲ စုပါ။ အသက်(၁၈)နှစ် ပြည့်ပြီးတဲ့သူတွေဆိုရင်တော့ ဘဏ်စာအုပ်ကလေးလုပ်ထားပြီး ငွေစုကြဖို့ကိုလည်း အကြံပေးချင်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကတော့ ကိုယ်ပိုင်ဘဏ်စာအုပ်ကလေးကို ၂၀၂၂ ခုနှစ်မှာ စဖွင့်ခဲ့ပါတယ်။ ငွေ ၂၀၀၊ (၅)ရွက်ပေါင်းရင် ၁၀၀၀ ရပါတယ်။ ၁၀၀၀၊ (၁၀)ရွက်ဆိုရင် ၁၀၀၀၀ ပါ။ ကျွန်တော် ၅၀၀၀၀ ပြည့်တိုင်း၊ ပြည့်တိုင်းမှာ ဘဏ်မှာ သွားအပ်ခဲ့ပါတယ်။ ရလဒ်အနေနဲ့ကတော့ (၂)နှစ်အတွင်း ကျွန်တော် ငွေစုမိခဲ့ပါတယ်။ ဒါပေမဲ့ ငွေစုပြီး အကျိုးရှိရှိ မသုံးရင်လည်း ငွေစုခြင်းက အလကားပါပဲဗျ။ ငွေတန်ဖိုးက ကျလည်းကျနိုင်သလို တက်လည်းတက်နိုင်တာက ထုံးစံဖြစ်ပါတယ်ဗျ။ ငွေကိုစုလည်း စုရမယ်၊ သုံးလည်း သုံးတတ်ရပါမယ်။ ငွေကိုအသုံးပြုပြီး ကိုယ့်ကိုယ်ကိုယ် လှအောင်လည်း ဆင်တတ်ရပါမယ်ဗျ။ ကိုယ်ဝတ်ဖို့လည်း အရည်အသွေးကောင်းကောင်းနဲ့ ဈေးအသင့်အတင့် လှပတာမျိုး ရှာဝတ်သင့်ပါတယ်။ မစားမသောက်ဘဲနေတာမျိုးကိုလည်း ရှောင်ရှားပြီး စားဖို့၊ သောက်ဖို့ မိတ်ဆွေများနဲ့အတူ သွားရောက်တဲ့အခါ ငွေကြေးအသင့်အတင့်သုံးစွဲဖို့လည်း လိုပါတယ်။ ဒါကြောင့်ပဲ ငွေစုပါ၊ သုံးပါလို့ဆိုရခြင်းဖြစ်ပါ တယ်။ ငွေက စကားပြောတယ်ဆိုတာ တကယ် ရှိပါတယ်ဗျ။ ဒီစာဟာ လူငယ်တွေအတွက်သာမကဘဲ ငွေသုံးရမယ့် လူတိုင်းအတွက်ဖြစ်ပါတယ်။ ယခုနှစ်သစ်ကစပြီး လူတိုင်း လူတိုင်း လက်ဖျားမှာ ငွေသီးကြပါစေခင်ဗျ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Bruce Willis မှာ အမေရိကန်ဂျာမန်လူမျိုးဖြစ်

ဟောလိဝုဒ်အနုပညာလောကတွင် ကွဲပြားသည့်ဇာတ်ရုပ်နှင့်



ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သည့် သရုပ်ဆောင် ဘရုစ်ဝီလီသည် အမေရိကန်ဂျာမန် သွေးနှောသူတစ်ဦးဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘရုစ်ဝီလီသည် ဂျာမန်သူမိခင်နှင့် အမေရိကန်တပ်မှ ဖခင်တို့က ၁၉၅၅ ခုနှစ်တွင် မွေးဖွားခဲ့ကာ အမေရိကန်တွင် ကြီးပြင်းခဲ့သူဖြစ်ပြီး ပြဇာတ်စတိတ်စင်ပေါ်တွင် ကျင်လည်ခဲ့ရာမှ Die Hard နှင့် ပွဲဦးထွက်လာခဲ့သည်။

ဘရုစ်ဝီလီ၏ ယင်းဇာတ်ကားအရေးပါမှုမှာ အနုပညာလောကတွင် အချိုးအကွေ့တစ်ခုဖြစ်ခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့ကာ ဒါရိုက်တာ အမ်စီကလိန်းမှာလည်း ဝက်ဝက်ကွဲအောင်မြင်မှု ရရှိခဲ့သည်။

အဆိုပါ ရုပ်ရှင်ထွက်ပြီး ဟောလိဝုဒ်၏ တန်းမြင့်မင်းသားတစ်လက်ဖြစ်လာခဲ့ကာ ၂၀၀၀ ပြည့်နှစ်တွင် ထိပ်ဆုံးဆယ်ဦးစာရင်းဝင်နှင့် ကိုးဆယ်နောက်ပိုင်း လီယိုနာဒို ဒီကာပရီယို၊ တွမ်ခရု၊ ဘရက်ပစ်၊ ကီနူရိဗ်မက်ဒေမွန်၊ ဘင်အက်ဖလက်၊ ဂီလ်စမစ်တို့ပေါ်လာသော်လည်း ထိပ်ဆုံးစာရင်း၌ ဘရုစ်ဝီလီရှိခဲ့ကာ အသက် ၆၇နှစ်တွင် ကျန်းမာရေးကြောင့် အနားယူခဲ့သည်။ (SKY)



## ကာကွယ်ဆေးများ၊ ရိုးရိုးသောက်ဆေးများကြောင့် မှတ်ဉာဏ်ထိခိုက်သည့်ရောဂါကို ကာကွယ်နိုင်ဖွယ်ရှိ

ကာကွယ်ဆေးများ ရိုးရိုးသောက်ဆေးများကြောင့် မှတ်ဉာဏ်ထိခိုက်သည့်ရောဂါကို ကာကွယ်နိုင်ဖွယ်ရှိသည်ဟု ဗြိတိန်နိုင်ငံရှိ ဆေးသိပ္ပံသုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ကိန်းဘရစ်ချ်နှင့် အက်ဆက်တာတက္ကသိုလ်တို့မှ သုတေသီများသည် အသက်ကြီးလာလျှင်ခံစားရလေ့ရှိသော မှတ်ဉာဏ်ထိခိုက်သည့် ရောဂါကုသရေးနည်းလမ်းများကို လက်တွေ့သုတေသနပြုစမ်းသပ်ကြည့်ခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ လူအများပုံမှန်သုံးနေကျ ဆေးဝါးများက မှတ်ဉာဏ်ထိခိုက်သည့် ရောဂါဖြစ်နိုင်ခြေကို လျှော့ကျစေနိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အထူးသဖြင့် ငယ်စဉ်က အဆုတ်ရောဂါကာကွယ်ဆေးစသောဆေးဝါးများက မှတ်ဉာဏ်ကိုပါကာကွယ်ပေးနိုင်ကြောင်း သိရသည်။

(SCI)

## Wang Yibo ၏ Documentary က ဆုများစွာ သိမ်းပိုက်ရရှိထား

တရုတ်အနုပညာရှင် ဝမ်ရိဘို၏ Exploring The Unknown With Wang Yibo သည် ဆုပေါင်းများစွာကို သိမ်းပိုက်ရရှိထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်တွင် သရုပ်ဆောင်၊ အဆိုတော်၊ အကနည်းပြ၊ အားကစား(ဆိုင်ကယ်၊ ကား)ပြိုင်ပွဲဝင် ဝမ်ရိဘိုက အဓိက ပါဝင်ထားကာ အပူပိုင်းမိုးသစ်တောအတွင်း သွားရောက်ရှာဖွေခြင်း၊ ပေပေါင်းတစ်သောင်းငါးထောင်အထက် မြင့်မားသည့် နှင်းတောင်ပေါ်တက်ခြင်း၊ ရေအောက်မီတာ ၅၀ ထိ အသက်ရှူကိရိယာမပါဘဲ ရေငုပ်ခြင်းစသည့် စိန်ခေါ်မှုပေါင်းများစွာကို ပြသထားသည်။



ယင်း Documentary က ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် Weibo TV & Internet Video Summit 2024 Award ပွဲ၌ Breakthrough and Innovation Work of the Year ဆုရရှိထားကာ 2024 Weibo Night တွင် Weibo's Favorite Variety Show of Night ဆုစာရင်းဆန်ခါတင် ပါဝင်ထားကာ အခြားဆုပေါင်းများစွာလည်း ဆွတ်ခူးရရှိထားသည်။ (SKY)

## Song Hye Kyo က You Quiz on the block Teaser တွင် ရင်ဖွင့်ထား

နာမည်ကြီးအနုပညာရှင် ဆောင်းဟေကိုသည် ရသစုံရှိုး You Quiz on the teaser တွင်ပါဝင်ထားပြီး ရင်တွင်းခံစားချက်များကို ပွင့်လင်းစွာ ပြောကြားထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဆောင်းဟေကိုသည် ဟန်မဆောင်တတ်ဘဲ စကားကို ပွင့်လင်းစွာ ပြောတတ်သူဖြစ်၍ အဖြောင့်အတိုင်းသွားသည့် Song Straight Forward ဟု အမည်သစ်ပေးခဲ့ရသည့်အပြင် သူ့ဘဝတွင် ကြုံတွေ့ခဲ့ရမှုများကို ရင်ဖွင့်ပြောကြားသွားခဲ့သည်။


ယခင်ကလည်း မင်းသားကန်ဒေါင်ဝမ်က ဆောင်းဟေကို၏အားနည်းချက်မှာ ဟန်မဆောင်တတ်ခြင်းဖြစ်သည်ဟု ဟာသထုတ်ပြောခဲ့ဖူးသည်အထိ စကားကို ပွင့်လင်းစွာ ပြောဆိုတတ်သူဖြစ်သည်။ (SKY)

## RM ၏ Lost MV ကို တစ်နှစ်တာအတွင်း အကောင်းဆုံးကေပေါ့ပ် MV အဖြစ် သတ်မှတ်ခံရ

ဘီတီအက်စ်အဖွဲ့မှ အဖွဲ့ခေါင်းဆောင်အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်၏ Lost MV နှင့် အိုင်ယူနှင့်ဗွီတို့၏ Love Wins all MVကို တစ်နှစ်အတွင်း အကောင်းဆုံးကေပေါ့ပ်အမ်တီဗွီအဖြစ် Genius ကိုရီးယားက ထည့်သွင်းဂုဏ်ပြုထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အာရ်အမ်၏ Lost ဂီတ ဗီဒီယိုတွင် ဖန်တီးနိုင်မှု စွမ်းအားမြင့်မား၍ ပြီးပြည့်စုံမှု ရှိခဲ့သည်ကို တွေ့မြင်ရပြီး အိုင်ယူနှင့် ဗွီ(ခေါ်)ကင်ထယ်ယောင်းတို့၏ Love Wins all ဂီတဗီဒီယိုမှာလည်း ဆွတ်ပျံ့ဖွယ်အချစ်ဇာတ်လမ်းတစ်ပုဒ်ကို လှပစွာ ပုံဖော်ပြသထားသည့်အတွက် Genius ကိုရီးယားက အကောင်းဆုံးကေပေါ့ပ်အမ်တီဗွီအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

(SKY)



## G Dragon က ဂီတဆိုင်ရာ ထူးချွန်ဆုများစွာကို ဆက်လက်သိမ်းယူနေဆဲဖြစ်



ကေပေါ့ပ်ဘုရင် ဂျီဒရယ်ဂွန် (ခေါ်)ကွမ်ဂျီယောင်းသည် ဂီတဆိုင်ရာ ထူးချွန်ဆုများစွာကို ဆက်လက်သိမ်းယူနေဆဲဖြစ်ပြီး ဂီတထူးချွန်မှုထက်သာလွန်သည့် ဆုကိုပါ ပိုင်ဆိုင်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီဒရယ်ဂွန်က အက်စ်ဘီအက်စ် Gayo Hot Stage တွင် အောင်မြင်မှုရရှိခဲ့ပြီး Yeongdeungpo Time Square Art Canvas billboard တွင် သူ့ပုံကို ပြသဂုဏ်ပြုပေးထားသည်။

ဆက်လက်၍လည်း ၂၀၂၄ ခုနှစ်အတွက် The Hip Hop King of the Year အဖြစ် ရွေးချယ်ခံခဲ့ကာ ရက်ပ်ပါဂျီဒရယ်ဂွန်ကို The Most belove Ballad Singer of the Year တွင်လည်း ပထမနေရာကို ထပ်မံရရှိခဲ့၍ ဆုပေါင်းများစွာကို သိမ်းယူနေဆဲ ဖြစ်သည်။ (SKY)

## Yoon A ပါဝင်မည့် The Tyrants Chef ဇာတ်ကား ဇာတ်ညွှန်းဖတ်ပွဲ ဖျက်သိမ်းထား

တီဗီအန်မှ ထုတ်လုပ်မည့် The Trants Chef ဇာတ်ကားတွင် ယွန်အာနှင့်ပတ်ဆောင်ဟွန်းတို့အဓိက ပါဝင်ထားပြီး ဇာတ်ညွှန်းဖတ်ပွဲနှင့် အစမ်းရိုက်ကူးရေးဖျက်သိမ်းကြောင်း ကြေညာထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လက်ရှိမင်းသားပတ်ဆောင်ဟွမ်း၏ အင်စတာဂရမ်ဂယက်ပြဿနာကြောင့် ထုတ်လုပ်မှု ရပ်ဆိုင်းထားသည့် သတင်းနှင့်အတူ တီဗီအင်န်က လေယာဉ်မတော်တဆမှုကြောင့် ဇာတ်ညွှန်းဖတ်ပွဲနှင့် အစမ်းရိုက်ကူးရေးဖျက်သိမ်းကြောင်း တရားဝင်စာထုတ် ကြေညာခဲ့သည်။

ပတ်ဆောင်ဟွန်းသည် အနုပညာစွမ်းရည်ရှိသူ တစ်ဦးဖြစ်သော်လည်း အင်စတာဂရမ်ဂယက်ပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရကာ ဖြေရှင်းမှုများ ပြုလုပ်နေရပြီး ပရိသတ်ဝေဖန်မှု ခံနေရသည်။

(SKY)

0 - 0 - 0 - 0 - 0



# အထူးကျေးဇူးတင်ရှိခြင်း

(၁၃-၁-၂၀၂၅) ပြာသိုလပြည့်နေ့တွင် ကွယ်လွန်သွားသော မန္တလေးမြို့၊ ၂၉လမ်း၊ ဒေါင်းရိုးရပ်နေ

**မဟာမြတ်မုနိဘုရားကြီး မျက်နှာသစ် ရွှေခရား ရေပန်တော်နှင့် ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ မှန်ဦး၊ တန်ဆောင်း၊ ဓမ္မာရုံ၊ ရေကန် အလှူရှင် ဒါယကာကြီး**

## ဦးအောင်ကျော်ထွန်း အသက် ၇၆ နှစ်

E ရုံ ရွှေဆိုင်တန်း ဈေးချို၏

ဈာပနတွင် နေမကောင်းသည့်ကြားမှ ကြွရောက် ရေစက်ချ အမျှဝေပေးသည့် မဟာမုနိဘုရားကြီးမျက်နှာသစ်တော် ရေတော်ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များ၊ မြို့ဟောင်းမိုးကုတ်ရိပ်သာကျောင်း တိုက်အုပ်ဆရာတော် ဦးစက္ကနှင့် သံဃာတော်များ၊ လှူဖွယ်ပစ္စည်းများဖြင့်သော်လည်းကောင်း၊ မိသားစုအား လာရောက်နှစ်သိမ့်ပေးကြသူများ၊ လိုက်ပါပို့ဆောင်ပေးကြသည့် ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများ အားလုံးအားလည်းကောင်း၊ နာမကျန်းဖြစ်စဉ် ဂရုတစိုက် စောင့်ရှောက်ကုသပေးကြပါသော သွားနှင့်ခံတွင်း၊မေးရိုးဆိုင်ရာ ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.အောင်လွင်ဦး၊ ကင်ဆာရောဂါအထူးကု ဆရာဝန်မကြီး Dr.စိုးမြတ်မွန်၊ ဆီးနှင့်ကျောက်ကပ် အထူးကု ဆရာဝန်ကြီး Dr.ခင်မောင်ကျော်၊ နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ Dr.ခင်မောင်ထွေး၊ အထွေထွေရောဂါကုသမားတော်ကြီး ပါမောက္ခ Dr.အေးအေးချစ်၊ အဆုတ်နှင့်ရင်ခေါင်းအထူးကုဆရာဝန်ကြီး Dr.သိန်းကျော်နှင့် ပန်းလှိုင်ဆေးရုံ၊ မင်္ဂလာဆေးရုံ၊ တော်ဝင်နှင်းဆီဆေးရုံ(၁+၂)မှ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများအားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## (၁၈-၁-၂၀၂၅) ရက်စွဲပြင့် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၂၀)တွင် ဦးမိုးမြင့်ဦး၏ လွှဲအပ်ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးမြင့်အောင်၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းခြင်း

ဒေါ်အေးကြည်ငွေ(၉/အမဇ(နိုင်)၀၀၄၆၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းရသည်မှာ -

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ကွင်းအမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၄၂/ည-၁) ဂရန်မြေကွက်နှင့် ပတ်သက်၍ 'အမှုများအားလုံး ပြီးဆုံးသွားပြီ ဖြစ်ပါသည်' ဆိုသည့် လူကြီးမင်း၏ ကြေညာချက်မှာ အလွန်အမင်း မှားယွင်းနေပါသည်။

တရားလို ဒေါ်အေးကြည်ငွေနှင့် တရားပြိုင်များဖြစ်သည့် ဦးမိုးမြင့်ဦး၊ ဦးဆန်းထွန်းတို့၏ အမှုအတွက် တရားရုံးတွင် ရုံးချိန်းရက်မှာ (၂၈-၁-၂၀၂၅) ရက်တွင် ဖြစ်ပါသည်။

ထို့ပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာဌာနမှ ဂရန်သစ်ကို လျှောက်ထားသူများသည် ဂရန်သစ်ရပြီးနောက် ပိုင်ဆိုင်သူ၊ သက်ဆိုင်သူ၊ အငြင်းပွားမှုပြဿနာ တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အငြင်းပွားမှု မပြီးပြတ်မီကာလအတွင်း မူလအမည်အတိုင်း ပြန်လည်ထား ရှိရမည်ကို သဘောတူကြောင်း ဝန်ခံကတိပြုထားကြရပါသည်။

သို့ဖြစ်ပါ၍ ဒေါ်အေးကြည်ငွေ၏ ကန့်ကွက်ချက်မှာ နည်းလမ်းကျသည့် ကန့်ကွက်ချက်ဖြစ်ပါသည်။ ရပ်သိမ်းရန် မလိုအပ်သဖြင့် ကန့်ကွက်မြဲ ကန့်ကွက်အပ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးကြည်ငွေ (၉/အမဇ(နိုင်)၀၀၄၆၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးတင်မိုးဝင်း(မဟာဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၁၈/၃၁-၁-၂၀၂၂)**

**၁၀(B)လမ်း၊ အကွက်(၄၅)၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။ ဖုန်း ၀၉-၂၅၃၀၇၂၀၂၀**

---

### ကြော်ငြာချက်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အောက်ဖော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူများ ပြန်လည်ထုတ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက် အထားများနှင့်အတူ (၇)ရက်အတွင်း ဈေးနှင့်သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းမှတ်ပုံတင် စာအုပ်နှင့် ဆိုင်ခန်းမှတ်ပုံတင်စာအုပ်မိတ္တူထုတ်ယူခွင့်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

| စဉ် | ဈေးအမည် | ဆိုင်အမှတ် | မူလအမည်ပေါက် | လျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁။ | ညောင်ပင်ဈေး | ရုံမကြီး၊ ရုံ(၁)၊ ဆိုင်အမှတ်(၆၆) | ဒေါ်ကြီးမ<br>- | ဒေါ်အေးရွှေ<br>၉/မမန(နိုင်)၀၁၈၄၉၀ |
| ၂။ | ညောင်ပင်ဈေး | ရုံမကြီး၊ ရုံ(၃)၊ ဆိုင်အမှတ်(၇၉) | ဒေါ်ခင်ဆွေ<br>၉/မနမ(နိုင်)၀၃၇၈၈၄ | ဒေါ်အေးရွှေ<br>၉/မမန(နိုင်)၀၁၈၄၉၀ |
| ၃။ | ညောင်ပင်ဈေး | ရုံမကြီး၊ ရုံ(၃)၊ ဆိုင်အမှတ်(၈၀) | ဒေါ်အေးအေးနွယ်<br>၉/မနမ(နိုင်)၁၁၃၈၅၅ | ဒေါ်အေးရွှေ<br>၉/မမန(နိုင်)၀၁၈၄၉၀ |
| ၄။ | ညောင်ပင်ဈေး | ပလက်ဖောင်း၊ ဆိုင်အမှတ်(၃၄၀) | ဒေါ်ဝင်းဝင်း<br>NTI-၀၄၃၄၄၉ | ဒေါ်နှင်းမီမီထွန်း<br>၉/မထလ(နိုင်)၂၈၀၄၈၁ |
| ၅။ | ညောင်ပင်ဈေး | ပလက်ဖောင်း၊ ဆိုင်အမှတ်(၃၅၅) | ဦးကျော်ရွှေ<br>WMDY-၂၇၁၁၀၈ | ဒေါ်နှင်းမီမီထွန်း<br>၉/မထလ(နိုင်)၂၈၀၄၈၁ |
| ၆။ | ညောင်ပင်ဈေး | ပလက်ဖောင်း၊ ဆိုင်အမှတ်(၃၅၆) | ဒေါ်ကြည်မြင့်<br>WMDY-၃၀၃၇၉၇ | ဒေါ်နှင်းမီမီထွန်း<br>၉/မထလ(နိုင်)၂၈၀၄၈၁ |
| ၇။ | ညောင်ပင်ဈေး | ပလက်ဖောင်း၊ ဆိုင်အမှတ်(၃၅၇) | ဦးသိန်းမောင်<br>AE-၀၁၉၃၂၈ | ဒေါ်နှင်းမီမီထွန်း<br>၉/မထလ(နိုင်)၂၈၀၄၈၁ |
| ၈။ | ဈေးချို | (၇)ရုံ၊ ဆိုင်အမှတ်(၃) | ဒေါ်ခင်မျိုးဝင်း<br>၉/ခမစ(နိုင်)၀၁၈၇၀၀ | ဒေါ်ခင်မျိုးဝင်း<br>၉/ခမစ(နိုင်)၀၁၈၇၀၀ |

ဌာနမှူး၊ ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

---

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၁၄)၊ ဦးပိုင်အမှတ်(၅၆)၊ ဧရိယာ(၀ ဒသမ ၀၃၂၂)ဧက အကျယ်အဝန်းရှိသော ဦးလှဝန် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ဧရိယာ(၀ ဒသမ ၀၁၄၆)ဧက အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ် အဆောက်အအုံ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးမင်းလွင်(ဘ)ဦးထွန်းချွန်(၁/ရကန(နိုင်)၀၃၇၄၁၀)၊ (၂)ဒေါ်သန္တာအောင်(ဘ)ဦးမင်းအောင်(၉/အမဇ(နိုင်)၀၀၇၈၆၀)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာ လိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839 , 09-2006029 , 09-792006029 , 09-692006029**

**ladylawyer. khinninisoe @ gmail. com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ GDP တွင် စိုက်ပျိုးရေးကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ရှိပြီး စိုက်ပျိုးရေးကဏ္ဍကြီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထွက်ပစ္စည်းဟူ၍ ပါရှိ...

❖ ယင်းကဏ္ဍကြီးသုံးရပ်သည် ဆက်စပ်မှုရှိပြီး တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...

❖ အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီးတို့သည်လည်း အောင်မြင်တိုးတက်လာနိုင်မည်ဖြစ်ပြီး နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





နေပြည်တော် ဇန်နဝါရီ ၂၂

ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အမှာ စကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုကော်မတီအဖွဲ့ဝင် များနှင့် အထူးဖိတ်ကြားထား သူများက ကုန်သွယ်မှုနှင့်ကုန်စည် စီးဆင်းမှုများ မှန်ကန်မြန်ဆန် စေရေးနှင့်စပ်လျဉ်း၍ သက်ဆိုင် ရာကဏ္ဍအလိုက် ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။ **သတင်းစဉ်**

## စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှု ဂိုး ၁၀၀ ပြည့်မြောက်



အယ်လ်နာဆာလက်ရွေးစင်အသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ဂိုးပါဝင်ပတ်သက်မှု ဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်ခါလီ အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒို သည် အယ်လ်နာဆာအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ကစားခဲ့ပြီး သွင်းဂိုး ၈၃ ဂိုး သွင်းယူပြီး ၁၈ဂိုး ဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့ကာ အသင်းအတွက် ဂိုး ပါဝင်ပတ်သက်မှု ဂိုး ၁၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ သွင်းဂိုး စုစုပေါင်း ၉၁၉ ဂိုးထိ သွင်းယူထားနိုင်ခဲ့ပြီး ဂိုး ၁၀၀၀ ပြည့်မြောက်ရန်လည်း သွင်းဂိုး ၈၁ဂိုးသာ လိုအပ်နေတော့သည်။

အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက ကျွန်တော်အခုလို စံချိန်မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းနှင့်အတူ အဖိုးတန် သွင်းဂိုးတွေ ဆက်လက်သွင်းယူနိုင်ဖို့ ကြိုးစားသွားမှာပါဟု ပြောသည်။

(NGB)

0-0-0-0-0

## တိမ်အသင့်အတင့် ဖြစ်ထွန်း

နေပြည်တော် ဇန်နဝါရီ ၂၂

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/၈လ